ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့ (28-3-2012) (၇၀၇၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

မလေးရှားဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဂျစ်တွန်းရာဇတ်၏ ကိုယ်ရေးအကျဉ်း

မလေးရှားဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်သည် မလေးရှားနိုင်ငံ၏ ဒုတိယမြောက်ဝန်ကြီးချုပ် တွန်း အဗ္ဗဒူလာ ရာဇတ်ဟူစိန်၏ အကြီးဆုံးသားဖြစ်ပြီး ၎င်းအား မလေးရှားနိုင်ငံ ဖာဟန်ပြည်နယ် ကွာလာလစ်ပီးစ်ခရိုင်တွင် မွေးဖွားခဲ့သည်။

ဝန်ကြီးချုပ် ဒါတို ဆရီ နာဂျစ် သည် ၁၉၇၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ နော်တင်ဟမ်းတက္ကသိုလ်မှ စက်မှုစီးပွားဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။

အင်္ဂလန်မှ ဘွဲ့ရရှိပြီးနောက် မလေးရှားနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး အမျိုးသားရေနံကုမ္ပဏီ ဖြစ်သည့် ပက်ထရိုနာ့စ်ကုမ္ပဏီတွင် ဝင်ရောက် အလုပ်လုပ်ကိုင်ခဲ့သည်။ ၁၉၇၆ ခုနှစ် ၎င်း၏ဖခင် ဝန်ကြီးချုပ် အဗ္ဗဒူလာ ရာဇတ် ဟူစိန် ရုတ်တရက် ကွယ်လွန်ခဲ့ပြီးနောက် နိုင်ငံရေးလောကသို့ စတင် ဝင်ရောက်လာခဲ့သည်။ ဒါတို ဆရီ နာဂျစ်သည် ထိုအချိန်က အာဏာရနိုင်ငံရေးပါတီဖြစ်သည့် အမျိုးသားတပ်ဦးညွန့်ပေါင်းတွင် လစ်လပ်သွားသည့် ဖခင်၏ အမတ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင် ခဲ့ရာ အနိုင်ရရှိခဲ့သည်။ သို့ဖြစ်ရာ ဒါတို ဆရီ နာဂျစ် သည် အသက်(၂၃)နှစ်အရွယ်တွင် ပါလီမန်အမတ် ဖြစ်လာခဲ့သည်။

ပါလီမန်တွင် လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရပြီးနောက် စွမ်းအင်၊ ဆက်သွယ်ရေးနှင့် စာတိုက်ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ် ခြင်းခံခဲ့ရသည်။ ၁၉၈၆ ခုနှစ် ရွေးကောက်ပွဲတွင် ဒါတို ဆရီ နာဂျစ်သည် ပီခန်မဲဆန္ဒနယ်မှ ပါလီမန်အမတ် အဖြစ် ရွေးချယ်ခံခဲ့ရပြီး ယဉ်ကျေးမှုလူငယ်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရ သည်။ ၁၉၉၀ ပြည့်နှစ်တွင် ၎င်းသည် ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဖြစ်လာသည်။ ၁၉၉၅ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ ရပြီး မလေးရှားနိုင်ငံ၏ ပညာရေးစနစ်အား ကမ္ဘာ့ အဆင့်အတန်းမီဖြစ်အောင် ပျိုးထောင်ပေးနိုင်ခဲ့သည်။ ၁၉၉၉ ခုနှစ် ရွေးကောက်ပွဲပြီးနောက် ဒါတို ဆရီ နာဂျစ် အား ဒုတိယအကြိမ်မြောက် ကာကွယ်ရေးဝန်ကြီး အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၎င်းကာကွယ်ရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် မလေးရှား တပ်မတော်အား ခေတ်မီတပ်မတော်ဖြစ်စေရန် ဆောင်ရွက်ခဲ့သည်။ ၂၀၀၈ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအပြီး စက်တင်ဘာလအထိ ကာကွယ် ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ဒါတို ဆရီ အဗ္ဗဒူလာထံမှ ဘဏ္ဍာရေးဝန်ကြီးတာဝန် ကို ပြောင်းလဲတာဝန်ယူ ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ် မတ်လတွင် ဒါတို ဆရီ အဗ္ဗဒူလာက ရွေး ကောက်ပွဲတွင် ထပ်မံရွေးကောက်ပွဲဝင်မည်မဟုတ် ကြောင်း ကြေညာပြီးနောက် ဒါတို ဆရီ နာဂျစ်သည် အမ်နို (UMNO)ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်း ခံခဲ့ရ

မလေးရှားဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်။

မလေးရှားဝန်ကြီးချုပ်၏ ဇနီး မစ္စစ် ဒါတင် ဆရီ ရို့စ်မာ၍ မန်စာ။

သည်။ ၂၀၀၉ ခုနှစ် ဧပြီလတွင် ဒါတိုဆရီ အဗ္ဗဒူလာ က ဝန်ကြီးချုပ်အဖြစ် နုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာပြီးနောက် ဒါတို ဆရီ နာဂျစ်သည် ဝန်ကြီးချုပ် အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး ဝန်ကြီးချုပ်ဖြစ်လာခဲ့ သည်။ တစ်ချိန်တည်းမှာပင် ၎င်းအနေဖြင့် ဘဏ္ဍာရေး ဝန်ကြီးအဖြစ်လည်း ပူးတွဲတာဝန်ယူထားဆဲဖြစ်သည်။ ဒါတို ဆရီ နာဂျစ်သည် ဝန်ကြီးချုပ်အဖြစ် တာဝန် ထမ်းဆောင်စဉ် မလေးရှားနိုင်ငံအား ၂၀၂၀ တွင် ဝင်ငွေမြင့်မားသည့် နိုင်ငံဖြစ်လာစေရန်နှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရန် ရည်မှန်းချက် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးချုပ် ဒါတို ဆရီ နာဂျစ်သည် မစ္စစ် ဒါတင် ဆရီ ရို့စ်မာ၍ မန်စာနှင့် လက်ထပ်ခဲ့ပြီး သားသမီး ငါးဦး ရှိသည်။

အသက်ကိုစွန့်လွှတ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရသော တပ်မတော်သည် ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုပြီးလိုလား

ဖြစ်နိုင်သမျှ ထာဝရငြိမ်းချမ်းရေးရရှိအောင် စစ်မှန်သည့်ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်နှင့်အတူ လက်တွဲဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၂၇

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက် များကို စွဲမြဲစွာခံယူစောင့်ထိန်းရေး၊ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန် ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေးဟူသည့် ၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသရေစည်သူမင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

အဆိုပါ ၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယ ဗိုလ်ချုပ်ကြီး သရေစည်သူလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး သရေစည်သူညာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံ့ချီ ရာပြည့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံစစ်မှု ထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်မဂ္ဂဇင်းများမှ သတင်းထောက်များနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

နံနက် ၅ နာရီတွင် ၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များသည် စစ်ရေးပြ အခမ်းအနားသို့ စစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့✳

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သရေစည်သူ မင်းအောင်လှိုင် ၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှထောင့်

၂၈-၃-၂၀၁၂[ဗုဒ္ဓဟူးနေ့]။

ဒိဋ္ဌေဒိဋ္ဌမတ္တံဖြစ်ဖို့လိုသည်

ဒိဋ္ဌေဒိဋ္ဌမတ္တံ ဟူသည့် ပါဠိတော်အရ မြင်ကာမတ္တ၊ ကြားကာမတ္တ၊ သိကာမတ္တ စသည်ဖြင့် စိတ်တည်းဟူသော အာရုံခြောက်ပါးတို့ ဖြစ်ပေါ်လာလျှင် ကျွန်ုပ်တို့၏စိတ်ကို ကျွန်ုပ်တို့ ထိန်းချုပ်ရမည်ဟု ဆိုလိုရင်းဖြစ်သည်။

အသံတစ်ခုကို ကြားလျှင်ဖြစ်စေ၊ အမြင်တစ်ခုကို မြင်လျှင်ဖြစ်စေ၊ အသိတစ်ခုကို သိလျှင်ဖြစ်စေ အလျင်စလို မစဉ်းစား မဆုံးဖြတ်ဘဲ မိမိစိတ်ကို ချွန်းဖြင့်အုပ်ပြီး ထိန်းသိမ်းရမည်ဖြစ်သည်။ အခြားသောစိတ်အာရုံတို့တွင်လည်း ဤနည်းနှင်နှင်ဖြစ်ပေသည်။

အရာရာ လုပ်မှုဖြစ်စေ၊ ကိုင်မှုဖြစ်စေ၊ ပြောမှုဖြစ်စေ နှိုင်းနှိုင်းချိန်ချိန် ဆင်ခြင်သုံးသပ် ဆုံးဖြတ်လုပ်ကိုင်ကြခြင်းဖြင့် အမှားအယွင်းကင်းစင်ကာ မိမိလည်းစိတ်ချမ်းသာ၊ အခြားသူတို့လည်း စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြစ်စေမည်ဖြစ်သည်။ ယနေ့လူမှုဘဝနယ်ပယ်တွင် အဆင်ခြင်မဲ့ ပြုမူပြောဆိုလုပ်ကိုင်မိမှုများကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြင့် ဒုက္ခပင်လယ်ဝေသူများကို တွေ့မြင်ရမည်ဖြစ်သည်။

လောကလူ့ရွာနှင့်ပတ်သက်၍ အဆင့်ဆင့်ပြောစကား ကြားရုံမျှဖြင့်လည်း ဟုတ်လှပြီဟု မယူကြနှင့်ဦး၊ မိဘဘိုးဘွား အစဉ်အဆက်ပြောစကားဖြင့်လည်း ဟုတ်လှ မှန်လှပေ၏ဟု မစွဲကြနှင့်ဦး၊ မိမိတို့သင်ထားသည့် ကျမ်းဂန်များနှင့်ညီ၍ အမှန်ပဲဟု မစွဲမှတ်ကြနှင့်ဦး၊ ဤအတိုင်းဖြစ်တန်ရာ၏ဟု ကြံဆယူခြင်းဖြင့်လည်း ဟုတ်လှပြီဟု မစွဲနှင့်ဦး၊ နည်းလမ်းယုတ္တိ ချိန်ဆယူခြင်း အကြောင်းကြောင်းကြောင့်လည်း ဟုတ်လှပြီဟု မယူနှင့်ဦး၊ မိမိကြံဆသောအကြောင်းဖြင့်လည်း ဟုတ်လှပြီဟု မယူနှင့်ဦး၊ တွေးကြံစဉ်းစားခြင်းဖြင့် ကျေနပ်နှစ်သက်လက်ခံထားသော အယူအဆဖြင့်လည်း အတည်မစွဲကြနှင့်ဦး၊ ဤရသေ့ရဟန်းကား ယုံကြည်အားထားထိုက်သောပုဂ္ဂိုလ်၊ သူ့စကားမှတ်သားလိုက်နာသင့်သည်ဟုလည်း အတည်မမှတ်နှင့်ဦး၊ ဤရသေ့ရဟန်းကား ငါ့ဆရာ၊ သူ့စကား ငါလိုက်နာသင့်သည်ဟုလည်း စွဲမြဲစွာ မှတ်ယူမထားနှင့်ဦးဟု ကာလာမသုတ်တွင် မြတ်ဗုဒ္ဓက ကာလာမအမျိုးသားတို့အား ဩဝါဒမိန့်ကြားခဲ့သည်ကို ကြားနာဖူးသည်။

မြတ်ဗုဒ္ဓ၏ဟောကြားချက်နှင့်အညီ ကျွန်ုပ်တို့ပုထုဇဉ်လူသားအပေါင်းတို့သည်လည်း သန့်ရှင်းသော၊ ကောင်းမွန်သော လောကလူ့ဘောင်ကို တည်ဆောက်ကြရာ၌ မိမိတို့၏ လုပ်မှု၊ ကိုင်မှု၊ ပြုမူပြောဆိုမှု အမှုတို့ကို ပြုကြရာ၌ မည်မျှပင်မှန်သည်ဖြစ်စေ အခြေအနေအချိန်အခါနှင့်အညီ လွဲချော်မှုမဖြစ်စေရန်အတွက် သတိတရားလက်ကိုင်ထားပြီး ဆင်ခြင်သုံးသပ်ဆုံးဖြတ်လုပ်ကိုင်ရန် ဖြစ်သည်။

သို့မှသာလျှင် ဗုဒ္ဓဟောကြားချက်နှင့်လည်းညီ၊ မင်္ဂလာတရားနှင့်လည်း ပြည့်စုံ၊ အမျိုးကောင်းသားသမီးတို့ ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံစေမည်ဖြစ်သည်။ ဒိဋ္ဌေဒိဋ္ဌမတ္တံ ဟူသည့် ပါဠိတော်ပါတို့အနက် ကြံစည်တွေးတော ပြောဆိုမှုအားလုံးတို့ကို အလျင်စလိုမဆုံးဖြတ်ဘဲ ဆင်ခြင်သုံးသပ်ဆုံးဖြတ်လုပ်ကိုင်ကြခြင်းဖြင့်လည်း လူ့ပြည်လောက လူ့ဘဝဝယ် သာယာလှပခြင်းအပေါင်းတို့ပြည့်စုံ၍ ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့ ပြည့်စုံနေမည် ဖြစ်ပါသည်။

ထိုထိုအကျင့်တရားတို့ကို လိုက်နာစောင့်ထိန်းခြင်းဖြင့် လောကုတ္တရာ အလိုအရ မိမိစိတ်ကို ထိန်းသိမ်းနိုင်သော အကျင့်ကောင်းတရားတို့ ရရှိမည့်အပြင် လောကီအလိုအရ မှန်သည်ဟုထင်ထားသော်လည်း မှားယွင်းတတ်သော ပြုမူလုပ်ကိုင်မှုတို့ မဖြစ်ပေါ်စေနိုင်သော အသိတရားများဖြစ်၍ လောကီ လောကုတ်နှစ်ဖြာ အကျိုးပွားတိုးစေမည်သာ ဖြစ်ပါသည်။ ။

မြန်မာ-တရုတ်(ယူနန်ပြည်နယ်) စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ခြင်း မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရတို့ကြီးမှူး၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကုန်သွယ်ရေးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မြန်မာ-တရုတ် (ယူနန်ပြည်နယ်) စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ခြင်း မိတ်ဆက်ပွဲ (Myanmar - China (Yunnan) Economic &Trade Cooperation Promotion) အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ဦးဆောင်သော အဖွဲ့နှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H. E. Mr. Li Ji Heng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် တွေ့ဆုံ၍ မြန်မာ-ယူနန် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးစွာဆွေးနွေးကြသည်။

ထို့နောက် မြန်မာ-တရုတ် (ယူနန်ပြည်နယ်) စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ခြင်း မိတ်ဆက်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် ကုန်သည်ကြီးများဟိုတယ် Ballroom ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ၊ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H. E. Mr. Li Ji Heng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H. E.Mr. Li Ji Heng တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် ယူနန်ပြည်နယ် စီးပွားရေးလုပ်ငန်းရှင်များသည် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှုများကို နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် ယူနန်ပြည်နယ် စီးပွားရေးလုပ်ငန်းရှင်များသည် ကဏ္ဍများအလိုက် အဖွဲ့လိုက် တွေ့ဆုံဆွေးနွေးကြသည်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း မြန်မာ-တရုတ်(ယူနန်ပြည်နယ်) စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ခြင်း မိတ်ဆက်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးမျိုးလွင် ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် မတ် ၂၈

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးလွင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် မတ် ၁၂ ရက်တွင် ကိုလံဘိုမြို့၌ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပါခ်ဆာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးကျော်စိုးဝင်း ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် မတ် ၂၈

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စိုးဝင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် မတ် ၁၃ ရက်တွင် ဗီယင်ကျန်းမြို့၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား UNDP ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၂၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် Mr. Ashok Nigam နှင့်အဖွဲ့သည် မတ် ၂၂ ရက် နံနက်ပိုင်းတွင် အဆိုပါ ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး UNDP အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံတွင် Microfinance လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုလုပ်ငန်းများ၌ ပူးပေါင်းကူညီဆောင်ရွက်ရန်ကိစ္စများကို အကျယ်တဝင့် ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၈-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၁၀	တရားတော်
၄း၁၀	မျိုးချစ်တပ်မတော်
၄း၃၀	လျှပ်တစ်ပြက်
၄း၅၅	ရှေးဟောင်းသုတ
၅း၃၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၅၅)**
၆း၂၀	Mail Box
၆း၃၅	ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၃၆)
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို (အပိုင်း-၂)**
၈း၀၁	မြဝတီရုပ်မြင်သံကြားသတင်း -ရယ်စရာပျော်စရာဟာသကမ္ဘာ "နာမည်အတိုင်းပါပဲရှင်" (မိုယ်ခန့်၊ ရီရီပွင့်ဖြူ၊ ရော၊ ခင်လှိုင်၊ ဝက်မနှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)] -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တမလွန်မှပြောသောစကား" (အပိုင်း-၆) -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၇ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၇၁၅၀	၀. ၀၃၂၅၆
တရုတ် (ယွမ်)	၆. ၃၀၃၂၅	၀. ၁၅၈၆၅
အိန္ဒိယ (ရူပီး)	၅၀. ၇၀၆၆	၀. ၀၁၉၇၂
မလေးရှား (ရင်းဂစ်)	၃. ၀၆၀၀၀	၀. ၃၂၆၈၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၃၃၅	၀. ၇၉၆၅၉
ဂျပန် (ယန်း)	၈၃. ၁၂၀၄	၀. ၀၁၂၀၃
တောင်ကိုရီးယား(ဝမ်)	၁၁၃၄. ၂၈	၀. ၀၀၀၈၈
ယူရို	၀. ၇၄၉၃၈	၁. ၃၃၄၄၃
ဗြိတိသျှ (ပေါင်)	၀. ၆၂၅၃၀	၁. ၅၉၉၂၃

အင်တာနက်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်နှုန်း အစီအစဉ် ပြောင်းလဲခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၁-၄-၂၀၁၂ ရက်နေ့မှစ၍ နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်အား ဈေးကွက်အခြေခံသော ထိန်းကျောင်းမှုရှိသည့်နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate Regime)ကို စတင်ကျင့်သုံးမည်ဖြစ်ပါသည်။ နိုင်ငံသုံးငွေကြေး မြန်မာကျပ်၏တန်ဖိုးအား နိုင်ငံခြားသုံးငွေဖြင့် တန်ဖိုးသတ်မှတ်ရာတွင် ယင်းနေ့မှစ၍ နိုင်ငံခြားငွေဈေးကွက်ရှိ ရောင်းလိုအားနှင့် ဝယ်လိုအားအခြေအနေများအရ သတ်မှတ်မည်ဖြစ်ပါသည်။

ပြောင်းလဲကျင့်သုံးမည့် နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်သစ်နှင့်အညီ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း (Reference Foreign Exchange Rate)ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။

ဤအစီအစဉ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးစနစ်အား ခေတ်မီစေမည့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အဓိကအားဖြင့် အမျိုးမျိုးသောငွေလဲလှယ်နှုန်းများကို ပေါင်းစည်းရန်နှင့် လက်ရှိအပြည်ပြည်ဆိုင်ရာပေးချေမှုများ၊ ပြည်ပငွေလွှဲပေးပို့မှုများအပေါ် တားမြစ်ချက်များကို တဖြည်းဖြည်းချင်း ဖယ်ရှားပေးရန်ဖြစ်ပါသည်။ ၁၉၇၇ ခုနှစ်မှစ၍ အထူးထုတ်ယူခွင့်(SDR)တစ်ယူနစ်လျှင် ၈ ဒသမ ၅၀၈၄၇ ကျပ်ဖြင့် ချိတ်ဆက်သတ်မှတ်ခဲ့သည့် တရားဝင်နိုင်ငံခြားငွေလဲလှယ်နှုန်းအား ယခုကဲ့သို့ ဈေးကွက်မှသတ်မှတ်ပေးသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် အစားထိုးခြင်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းများအား ပေါင်းစည်းရေးအတွက် ပထမအဆင့်ဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ် လိုအပ်သလို ထိန်းကျောင်းဆောင်ရွက်မည်ဖြစ်ပါသည်။

ဤလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်တွင်း ပြည်ပမှ တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာတွင် နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ နိုင်ငံခြားငွေအရအသုံးဆိုင်ရာ လျာထားမှုများအား ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် လိုက်လျောညီထွေဖြစ်စေနိုင်သော ခန့်မှန်းနှုန်းထားတစ်ရပ်ဖြင့် တွက်ချက်လျာထားပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်နှုန်း အစီအစဉ်ပြောင်းလဲမှုများကို ပြည်သူလူထုသိရှိစေရန် ဆက်လက်သတင်းထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သရေစည်သူမင်းအောင်လှိုင်အား ၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သရေစည်သူမင်းအောင်လှိုင် ၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးစဉ်။ (သတင်းစဉ်)

* **ရှေ့ဖုံးမှ**

စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်တင်အောင်ချစ် ဦးဆောင်၍ စစ်ရေးပြစစ်ကြောင်းကြီးများ တပ်မတော်နေ့အခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးဆီသို့ စတင်ချီတက်လာချိန်မှစ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီးတို့က ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အရာရှိ/စစ်သည်မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ/စစ်သည်မိသားစုများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများစွပ်ကြသည်။

(၆၇)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ဦးဆောင်သော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်တင်အောင်ချစ် ဦးဆောင်၍ ၎င်းနောက်မှ စစ်ရေးပြတပ်ရေးဒုတိယဗိုလ်မှူးကြီးကျော်စိန်ထွန်း၊ ယင်းနောက် အလံတော်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးမြင့်ဇော်ဦး ခေါင်းဆောင်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံများနှင့်တပ်မတော်(ကြည်း၊ ရေ လေ) အလံများပါဝင်သော အနော်ရထာစစ်ကြောင်း အလံအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မင်းမင်းလွင် ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးနိုင်မြင့်အောင် ခေါင်းဆောင်သည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု အနော်ရထာစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အနော်ရထာစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဇော်မင်းလတ် ခေါင်းဆောင်ပြီး ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ၊ အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၁)နှင့် အနော်ရထာစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့က အနော်ရထာ စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

အနော်ရထာစစ်ကြောင်း၏ နောက်တွင် အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးတင့်နိုင်ဝင်း ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေလေ) အလံများ ပါဝင်သော ကျန်စစ်သားစစ်ကြောင်းအလံအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဇော်မိုးသန်း ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးတင်ကိုထက် ခေါင်းဆောင်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု ကျန်စစ်သားစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ကျန်စစ်သားစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမင်းထွန်း ခေါင်းဆောင်ပြီး ဆေးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)နှင့် ကျန်စစ်သားစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့က ကျန်စစ်သားစစ်ကြောင်းအမည်ဖြင့် လည်းကောင်း။

အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးမြင့်ကို ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေလေ)အလံများပါဝင်သော ဘုရင့်နောင် စစ်ကြောင်း အလံအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမြင့်ဇော် ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးအောင်နိုင်ဦး ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု ဘုရင့်နောင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဘုရင့်နောင်စစ်ကြောင်း တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီးသိန်းထူး ခေါင်းဆောင်ပြီး ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် ဘုရင့်နောင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့က ဘုရင့်နောင် စစ်ကြောင်းအမည်ဖြင့် လည်းကောင်း။

အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးမင်းဒင် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေလေ)အလံများပါဝင်သော အောင်ဇေယျ စစ်ကြောင်း အလံအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်စိုး ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးဇော်မျိုးတင့် ခေါင်းဆောင်သည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု အောင်ဇေယျ စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အောင်ဇေယျ စစ်ကြောင်းတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဇော်ဟိန်း ခေါင်းဆောင်ပြီး အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)နှင့် အောင်ဇေယျစစ်ကြောင်း စစ်တီးဝိုင်း အဖွဲ့တို့က အောင်ဇေယျစစ်ကြောင်း အမည်ဖြင့် လည်းကောင်း။

အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကျော်ကျော်ထွန်း ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ ရေ လေ) အလံများပါဝင်သော ဆင်ဖြူရှင် စစ်ကြောင်းအလံအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကျော်ထင် ဦးဆောင်ပြီး ဗိုလ်မှူးသန်းထိုက်ဦး ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ)ကိုယ်စားပြု ဆင်ဖြူရှင် စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဆင်ဖြူရှင် စစ်ကြောင်းတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်း ဦးဆောင်ပြီး စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေး ပြတပ်ခွဲ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ အရှေ့ မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် ဆင်ဖြူရှင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့က ဆင်ဖြူရှင် စစ်ကြောင်းအမည်ဖြင့် လည်းကောင်း။

အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးစိုးသူအောင်ခေါင်းဆောင်သည့်တပ်မတော် (ကြည်း၊ ရေ လေ) အလံများပါဝင်သော ဗန္ဓုလစစ်ကြောင်း အလံအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်ဝင်းအောင် ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးဇင်မင်း ခေါင်းဆောင်သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု ဗန္ဓုလစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဗန္ဓုလစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိုး ခေါင်းဆောင်ပြီး လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁) နှင့် ဗန္ဓုလစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့ တို့က ဗန္ဓုလစစ်ကြောင်းအမည်ဖြင့် လည်းကောင်း။

အလံအဖွဲ့ခေါင်းဆောင် ရဲမှူးခိုင်စိုး ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ကိုယ်စားပြု အလံများပါဝင်သော မြဝတီစစ်ကြောင်း အလံအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခွန်ရဲထွေး ဦးဆောင်ပြီး တပ်ခွဲမှူး ရဲမှူးဝင်းမြင့်အောင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကိုယ်စားပြု မြဝတီစစ်ကြောင်း ဂုဏ်ပြု တပ်ခွဲ၊ မြဝတီစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးမျိုးကျော်သူ ခေါင်းဆောင်ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စက်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် မြဝတီ စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင် များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင် များက မြဝတီစစ်ကြောင်းအမည်ဖြင့် လည်းကောင်း ချီတက်ကြသည်။

ထိုကဲ့သို့ စစ်ကြောင်းကြီး ခုနစ်ကြောင်း သည် စုရပ် သစ်တပ်စစ်ရေးပြကွင်းမှ စတင်၍ စစ်ရေးပြကွင်းကြီးဆီသို့ ချီတက်စဉ် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆို ကြပြီး စစ်ရေးပြကွင်းကြီးအတွင်းသို့ ရောက်ရှိနေရာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် သည် စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိ လာပြီး စစ်ရေးပြကွင်းကြီးအတွင်းရှိ အလေးပြုခံစင်မြင့်၌ နေရာယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ် ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင် များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင် များက အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် စစ်ရေးပြစစ်ကြောင်းကြီး များအား စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော် သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ညီညာရွတ်ဆို ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ့မျိုးချစ်လူငယ် ရဲဘော်သုံးကျိပ်သည် ဂျပန်ထံမှ စစ်ပညာများ သင်ယူခဲ့ပြီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ဂျပန်တပ်များနှင့်အတူ နယ်ချဲ့ဗြိတိသျှ များကို မြန်မာနိုင်ငံမှ တိုက်ထုတ်ခဲ့ကြ ကြောင်း၊ ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေ အစား ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ကို ပြန်လည်ဖွဲ့စည်းပေးခဲ့ ကြောင်း၊ ၁၉၄၃ ခုနှစ်တွင် ဘီဒီအေကို ဗမာ့တပ်မတော်(ဘီအင်န်အေ) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဗမာ့တပ်မတော်သည် ပြည်သူလူထုနှင့် လက်တွဲပြီး ဖက်ဆစ် ဂျပန်အား တော်လှန်တိုက်ထုတ်ခဲ့ကြ ကြောင်း၊ ၁၉၄၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ဗမာ့တပ်မတော်ကို မျိုးချစ်ဗမာ့ တပ်မတော်(ပီဘီအက်ဖ်)ဟု ပြောင်းလဲ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြကြောင်း၊ ဤသမိုင်း ကြောင်းကို ကြည့်ခြင်းအားဖြင့် မိမိတို့ တပ်မတော်သည် နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ပြည်သူကြားမှ ပေါက်ဖွားလာသော မျိုးချစ်တပ်မတော်ဖြစ်သည်ကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ကြောင်း။

သမိုင်းကြောင်းကောင်းသော မိမိတို့ တပ်မတော်သည် ပြည်သူကြားမှ ပေါက်ဖွား လာသော တပ်မတော်ဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားအားလုံး ၏ အသက်အိုးအိမ်စည်းစိမ်များကို အစဉ် ကာကွယ်စောင့်ရှောက်ရန် အမြဲဦးထိပ် ပန်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံအား ဒုက္ခရောက်စေမည့်၊ ပြိုကွဲပျက်စီး စေမည့်၊ တိုင်းရင်းသားများ ချစ်ကြည် စည်းလုံးမှုပြိုကွဲပျက်စီးစေမည့်၊ နိုင်ငံတော် ၏ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ***

၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ စစ်ရေးပြစစ်ကြောင်းကြီးများ ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကြပြီး ချီတက်လာကြစဉ်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် (၆၇) နှစ် မြောက် တပ် မ တော် နေ့ စစ် ရေး ပြ အ ခမ်း အနားသို့ တက် ရောက် လာ ကြ သူ များအား တွေ့ရ စဉ်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ကြောင်းကြီးများ မိန့်ခွန်းနာခံကြစဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၃ မှ

အချုပ်အခြာအာဏာကို ထိပါးမည့် ပြည်တွင်းပြည်ပ အန္တရာယ်မှန်သမျှနှင့် အဖျက်လုပ်ရပ်မှန်သမျှကို သမိုင်းအစဉ်လာရှိရှိ ကာကွယ်စောင့်ရှောက်ခဲ့သကဲ့သို့ ရှေ့ဆက်ပြီးလည်း ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်၏သမိုင်းကြောင်းသည် နိုင်ငံတော်သမိုင်းကြောင်းနှင့် ခွဲခြား၍မရဟု ပြောကြားလိုကြောင်း။

တပ်မတော် စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့အချိန်အထိ ခေတ်အဆက်ဆက် ဖြတ်သန်းကျော်ဖြတ်လာသောကာလအတွင်း မျိုးချစ်တပ်မတော် ခေါင်းဆောင်ကြီးများသည် နိုင်ငံတော်ကာကွယ်ရေးစွမ်းအား မြင့်မားနေစေရန် တပ်မတော်ကို အရေအတွက်သာမက အရည်အချင်းပါ တိုးတက်ကောင်းမွန်အောင် တည်ဆောက်ခဲ့ကြကြောင်း။

တပ်မတော်ဖခင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး စတင်တည်ထောင်ခဲ့သော တပ်မတော်ကို ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့က လက်ဆင့်ကမ်း အမွေဆက်ခံပြီး စည်းကမ်းကောင်းသော၊ စနစ်တကျရှိသော ခေတ်မီတပ်မတော် တစ်ရပ်အဖြစ် ခေတ်ကာလနှင့်အညီ တည်ဆောက်ပေးခဲ့သည်ကို ကျေးဇူးတင်ထိုက်စွာ မြင်တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း တပ်မတော်ကြီးကို နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်း ရှိသော အင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် ဖြစ်အောင် ဆက်လက်တည်ဆောက်သွားမည်ဟု ပြောကြားလိုကြောင်း။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ် ယိုယွင်းပျက်စီးလာခြင်းကြောင့် တပ်မတော်သည် နိုင်ငံတော် တာဝန်ကိုရယူခဲ့ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ပြည်သူလူထုနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ စနစ်တကျချမှတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် တိုးတက်မှုများကို မျက်ဝါးထင်ထင် မြင်တွေ့နေကြရသကဲ့သို့ နိုင်ငံရေးကဏ္ဍတွင်လည်း အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရောက်ရှိအောင် ဖော်ဆောင်ပေးမည်ဟု ကတိပေးထားခဲ့သည်နှင့်အညီ အမျိုးသားညီလာခံကို ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ၇ ရပ် ချမှတ်ပြီး အဆင့်လိုက် ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသားညီလာခံက တစ်ဆင့် ဖြစ်ပေါ်လာခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပေးခဲ့ပြီး ရွေးကောက်ပွဲတွင် ပြည်သူများရွေးချယ်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် လွှတ်တော် ခေါ်ယူကာ လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်သမ္မတနှင့်အစိုးရအဖွဲ့ထံ နိုင်ငံတော်အာဏာ အရပ်ရပ်ကို စနစ်တကျ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ဆက်လက်လျှောက် လှမ်းနိုင်အောင် တပ်မတော်သည် ပေးထားသောကတိအတိုင်း မှန်ကန်တည်ကြည်စွာဖြင့် လမ်းကြောင်းမှန်ပေါ် ရောက်ရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း။

မိမိတို့နိုင်ငံ၏ ပထဝီအနေအထား၊ သမိုင်းကြောင်းများအရ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အမျိုးသား အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက် အကောင်အထည်ဖော်ရန်အတွက် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး (၃)ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ထားကြောင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးမူဝါဒ ချမှတ်ထားရာတွင် ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ရန်ဆိုသည့် အချက်တစ်ချက် ပါရှိသကဲ့သို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း ဒို့တာဝန်အရေး (၃)ပါး ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်ဟု အတိအလင်း ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့်တပ်မတော် သည် ဒို့တာဝန်အရေး(၃)ပါးကို စွဲမြဲစွာ ခံယူစောင့်ထိန်းသွားမည်ဟု ပြောကြားလို ကြောင်း။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်အသီးသီး တွင် တပ်မတော်သားကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်နေခြင်းသည် ဖြတ်သန်း လာခဲ့သော သမိုင်းကြောင်းများအရ တပ်မတော်က နိုင်ငံတော်၏အကျိုးကို ဖော်ဆောင်ရန် ပါဝင်ဆောင်ရွက်နေခြင်း သာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသား နိုင်ငံရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ ယနေ့ တာဝန်ထမ်းဆောင်နေကြသော ပြည်ထောင်စု ဖွားတပ်မတော်သားများသည် နိုင်ငံတော် စစ်မှုထမ်းဥပဒေအရ ဝင်ရောက်ခဲ့ကြသူ များမဟုတ်ဘဲ မိမိသဘော ဆန္ဒအလျောက် ဝင်ရောက်တာဝန်ထမ်းဆောင်နေကြသူများ သာဖြစ်ကြောင်း၊ ခန္ဓာကိုယ်ပင်ပန်းဆင်းရဲ မည်၊ စိတ်ပင်ပန်းဆင်းရဲမည်၊ မိမိအသက် နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ စွန့်လွှတ် ပေးဆပ်ရမည်ကို သိလျက်နှင့် အခြေခံ အားဖြင့် အလွန်မွန်မြတ်သော စိတ်ဓာတ် များနှင့် ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသား ပြည်သူများကို ကာကွယ်စောင့်ရှောက် ရန် ဝင်ရောက်တာဝန်ထမ်းဆောင်နေကြ ခြင်းဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော် သည် ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ် ထားပြီး နိုင်ငံတော်၏အကျိုးစီးပွား၊ ပြည်သူ လူထု၏ အကျိုးစီးပွားများနှင့် အသက်အိုး အိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက် နေခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက် ရေးများကို ပြည်သူလူထုနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပါတီနိုင်ငံရေးကင်းရှင်း စွာဖြင့် လူမျိုးစွဲ၊ ဒေသစွဲများမပါရှိဘဲ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏ အကျိုး စီးပွားကို ဖော်ဆောင်နိုင်မည့် အမျိုးသား နိုင်ငံရေးသက်သက်ကိုသာ ဆောင်ရွက် နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်း ကဏ္ဍတွင် စစ်မှန်သောမျိုးချစ်စိတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် တပ်မတော် က ပါဝင်ထမ်းဆောင်နေခြင်းသာဖြစ်သည် ဟု ပြောကြားလိုကြောင်း။

တပ်မတော်သားများသည် တပ်မတော် နည်းဥပဒေ၊ အက်ဥပဒေများကို လိုက်နာ ကြရုံသာမက နိုင်ငံတော်က ထုတ်ပြန် ထားသော နယ်ဘက်ဆိုင်ရာဥပဒေများ ကိုလည်း ပြည်သူများနည်းတူ လိုက်နာ စောင့်ထိန်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ၏ အသက်သဖွယ်ဖြစ်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံသား အားလုံးနှင့်အတူ မိမိတို့တပ်မတော်က လေးစားလိုက်နာရမည် ဖြစ်သကဲ့သို့ ကာကွယ်စောင့်ရှောက်သွားရမည်လည်း ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (စ)တွင် "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက် ရန် အဓိကတာဝန်ရှိသည်" ဟု အတိအကျ ဖော်ပြ တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အဓိကတာဝန် တစ်ရပ်အနေဖြင့် ကာကွယ်စောင့်ရှောက် သွားမည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်တစ်ရပ် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးသည် မရှိမဖြစ်လိုအပ် ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်း ရေးကို ခေတ်အဆက်ဆက် ကြိုးပမ်းခဲ့ ကြရာတွင် ထာဝရငြိမ်းချမ်းရေးရသည် အထိ အောင်မြင်မှုမရသေးသည့်အတွက် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နိုင်ငံတော်က အလေးထားဆောင်ရွက် နေကြောင်း၊ ပထမအဆင့်အနေဖြင့် သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်း နှင့် ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရ အဖွဲ့မှ ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့ များ တွေ့ဆုံဆွေးနွေးခြင်း၊ ဒုတိယ အဆင့်တွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်း ရေးဆွေးနွေးမည့်အဖွဲ့များနှင့် တွေ့ဆုံ ဆွေးနွေးခြင်း၊ နောက်ဆုံးအဆင့်တွင် ပြည်ထောင်စုလွှတ်တော်၌ ထာဝရငြိမ်းချမ်း ရေးအတွက် အပြီးသတ်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ အသက်ခန္ဓာကို စွန့်လွှတ်ပြီး နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရသော တပ်မတော်သည် ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးကို ပိုပြီးလိုလားကြောင်း၊ ဖြစ်နိုင်သမျှ ထာဝရငြိမ်းချမ်းရေးရရှိအောင် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော် နှင့်အတူ လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးကို အလေးထားဆောင်ရွက် သွားမည်ဟု အခိုင်အမာပြောကြားလို ကြောင်း။

ဒီမိုကရေစီနိုင်ငံအဖြစ် လျှောက်လှမ်း နေသည်မှာ တစ်နှစ်သက်တမ်းသာရှိသေး သော မိမိတို့ နိုင်ငံသည် မြင့်မားခိုင်မာစွာ ရပ်တည်နိုင်ရန်အတွက် နိုင်ငံရေး စွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားများ မြင့်မား ခိုင်မာစွာ အချိတ်အဆက်မိမိ ဟန်ချက် ညီစွာတိုးတက်နေရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြ သော မိမိတို့နိုင်ငံ၌ နိုင်ငံရေးစွမ်းအား မြင့်မားရေးအခြေခံ လိုအပ်ချက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံ အေးချမ်းတည်ငြိမ်မှုရှိရေးပင် ဖြစ်ကြောင်း။

နိုင်ငံရေးတည်ငြိမ်ခိုင်မာမှုသည် စီးပွား ရေးတိုးတက်မှုအတွက် တွန်းအားတစ်ရပ် ဖြစ်စေပြီး ကောင်းမွန်သော အုပ်ချုပ်ရေး နှင့်အတူ နိုင်ငံတော်နှင့် ပြည်သူများ၏ စီးပွားရေး တိုးတက်မြင့်မားရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ် အခြာ အာဏာတည်တံ့ခိုင်မြဲရေးကို ကောင်းစွာ ကာကွယ်စောင့်ရှောက်နိုင်ရန် ကာကွယ်ရေးစွမ်းအား မြင့်မားနေစေရေး အတွက် တပ်မတော်သည် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော်တစ်ရပ် ဖြစ်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးစွမ်းအား မြင့်မား နေစေရန် မိမိတို့တပ်မတော် အင်အား တောင့်တင်းခိုင်မာစေရေးအတွက် နိုင်ငံတော်၊ တပ်မတော်နှင့် နိုင်ငံသားအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း။

စစ်သားကောင်းတို့၏ အရည်အချင်း မှာ စစ်စည်းကမ်းကောင်းမွန်ခြင်းနှင့် အမိန့်နာခံခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော် သားများအနေဖြင့် စစ်စည်းကမ်း၊ စစ်မြေပြင်စည်းကမ်းအပြင် နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေ၊ စည်းကမ်း များကို နိုင်ငံသားများနည်းတူ လေးစား လိုက်နာကြရမည် ဖြစ်ကြောင်း၊ စစ် စည်းကမ်းသည် တပ်မတော်၏ ကျောရိုး မဏ္ဍိုင်ဖြစ်သည်နှင့်အညီ စစ်စည်းကမ်း ကောင်းမွန်သည်နှင့်အမျှ စိတ်ဓာတ်နှင့် အမိန့်နာခံမှုပါ အလိုလိုကောင်းလာသည် ကို တွေ့ရကြောင်း၊ ထို့ကြောင့် တပ်မတော် ၏ ကျောရိုးမဏ္ဍိုင် ခိုင်မာစေရန်အတွက် စစ်စည်းကမ်းကို အမြင့်မားဆုံးလိုက်နာ စောင့်ထိန်းသော တပ်မတော်၊ အမိန့်နာခံမှု ကောင်းသော တပ်မတော်အဖြစ် ခေတ် အဆက်ဆက် တပ်မတော်ခေါင်းဆောင် ကြီးများက တည်ဆောက်ခဲ့ကြကြောင်း။

နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြသော တပ်မတော်သား များသည် စစ်ရေးအမြင်သက်သက်ဖြင့် ရည်မှန်းချက်တာဝန်များ အောင်မြင်မည် မဟုတ်သည့်အတွက် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး အမြင့်(၄)ရပ် ပြည့်စုံနေအောင် ဖြည့်ဆည်းနေကြရန် လိုအပ်ကြောင်း၊ နိုင်ငံတကာ၌ ဖြစ်ပေါ် နေသော ဖြစ်ရပ်များကို မျက်ခြည်မပြတ် လေ့လာပြီး နိုင်ငံ၏ ပကတိအခြေအနေ နှင့် ညီညွတ်စွာ ဦးတည်ချိတ်နေသော ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက် လှမ်းနိုင်ရေး၊ နိုင်ငံတော်အချုပ်အခြာ အာဏာ ထိပါးမခံရရေး၊ ပြည်သူ၊ တပ်မတော်နှင့် နိုင်ငံတော်အစိုးရ ပူးပေါင်း ပြီး တရားဥပဒေနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်နိုင်မည့် အခြေ အနေများကို မပြတ်လေ့လာနေရန် လိုအပ် ကြောင်း။

နိုင်ငံကို ခေတ်မီစက်မှုနိုင်ငံတစ်ခု ဖြစ်အောင် တည်ဆောက်သည့်နေရာတွင် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များ အတိုင်း တပ်မတော်က သက်ဆိုင်ရာကဏ္ဍ မှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်က ချီတက်နေသော ဒီမိုကရေစီလမ်းကြောင်းတွင် အစိုးရ၏ အုပ်ချုပ်ရေးလုပ်ငန်းများကို တပ်မတော် က မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက် ပေးသွားမည်ဖြစ်၍ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဆောင်ရွက်နေသည့် ဒီမိုကရေစီအုပ်ချုပ်မှုပုံစံများကို မျက်ခြည် မပြတ် လေ့လာနေကြရန် လိုအပ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ မူဝါဒများ နှင့်အညီ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်း နိုင်ငံများ၊ ကမ္ဘာ့နိုင်ငံအသီးသီးက တပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသကဲ့သို့ မဟာဗျူဟာအရ အရေးပါသောနေရာတွင် တည်ရှိနေ သည့် နိုင်ငံ၏ ပထဝီအနေအထားကို မှန်ကန်စွာရှုမြင်သုံးသပ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်တို့ကို ကာကွယ်နိုင်ရန် အတွက် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးအမြင်များနှင့် ပြည့်စုံနေ အောင် ကြိုးပမ်းနေကြရန် အလေးအနက် မှာကြားလိုကြောင်း။

အလုပ်တာဝန်များကို ညီညွတ်မျှတစွာ မှန်မှန်ကန်ကန်ခွဲဝေပေးခြင်း၊ စစ်သည် များ တပ်နေပျော်ရေးကို အလေးထား ဆောင်ရွက်ပေးခြင်း၊ သက်သာချောင်ချိရေး ကို ညီညီမျှမျှရရှိအောင် အလေးထား ဆောင်ရွက်ပေးခြင်း စသော ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်မျိုးလုံးကို ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းဖြင့် စစ်သည်များ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာများ မြင့်မားလာစေ မည်ဖြစ်ကြောင်း၊ စစ်ပွဲအောင်နိုင်ရေးတွင် စိတ်ဓာတ်မြင့်မားရေးသည် အဓိကကျ သည့်အတွက် တပ်မတော်တစ်ရပ်လုံး၏ စိတ်ဓာတ် တိုးတက် မြင့်မားခိုင်မာရေးကို အလေးထား လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ နိုင်ငံတော်ကို ခေတ်သစ်စနစ်သစ်နှင့် ချီတက်နေသည့်အချိန်တွင် တပ်မတော် အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းရွက်ကြရာတွင် (၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များဖြစ် သော-

(က) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော ဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းရေး။
(ခ) နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ တွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ဖြင့် တပ်မတော်က ပါဝင်ထမ်း ဆောင်နိုင်ရေး။
(ဂ) ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမို ကရေစီ နိုင်ငံတော်တည်ဆောက် ရာတွင် တပ်မတော်၏ အဓိက တာဝန်ဖြစ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ် စောင့်ရှောက်ရေး။
(ဃ) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးကို ကာကွယ်

စာမျက်နှာ ၅ ကော်လံ ၃ သို့

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ (၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုစဉ်။ (သတင်းစဉ်)

❒ စာမျက်နှာ ၄ မှ

စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး ဆိုသည့် ဦးတည်ချက်များနှင့်အညီ တာဝန်ထမ်းရွက်သွားကြရန် မှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ရေးပြမှူးကြီး ဦးဆောင်သော စစ်ကြောင်းကြီးများက အစီအစဉ်အတိုင်းစစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ စစ်ရေးပြကွင်းကြီးမှ စနစ်တကျ ပြန်လည်ချီတက် ထွက်ခွာသွားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာသွားပြီး ၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြကျင်းပသော နေပြည်တော် စစ်ရေးပြကွင်းကြီးတွင် ခန့်ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားမင်းတရားတို့၏ ကြေးရုပ်တုကြီး(၃)ခုကို လည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် (၆၇)နှစ်မြောက် တပ်မတော်နေ့တံတိုင်းဆိုင်းဘုတ်ကြီးကိုလည်းကောင်း ဝင့်ထည်စွာတွေ့မြင်နိုင်သည့်အပြင် တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ အထိမ်းအမှတ် တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့် လွှင့်ထူထားကြသည်တို့ကိုလည်း တွေ့မြင်နိုင်သည်။

ထို့အပြင် (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုရပ်သစ်တပ်စစ်ရေးပြကွင်းအနီးရှိ ရန်ကုန်-မန္တလေးကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် လည်းကောင်း၊ စစ်ကြောင်းကြီးများချီတက်ရာ လမ်းတစ်လျှောက်၌ လည်းကောင်း တပ်မတော်နေ့ ဂုဏ်ပြုပိုစတာကြီးများ၊ တပ်မတော်၏ ဆောင်ပုဒ်စာတန်းပါ ဆိုင်းဘုတ်များ၊ အဝတ်ပိတ်စ စာတန်းများ ချိတ်ဆွဲထားသည်ကိုလည်း တွေ့မြင်ရသည်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀	၂။	"သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
၇း၄၅	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၆း၂၀	၄။	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၃၅	၅။	ရွှေရင်ခုန်သံ
၇း၁၀	၆။	"ဧရာတိုင်းကို ဂုဏ်ဆင့်ပွား ပေပင်မြစ်ကူးတံတား"
၇း၄၅	၇။	"ဘယ်လိုမဲပေးကြမှာလဲ" မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
၈း၀၀	၈။	ပြည်တွင်းသတင်း
	၉။	"စိတ်အားထက်သန်ဆန္ဒအမှန်" (လူမင်း၊ ဖိုးသောကြာ၊ မိုးဒီ၊ ရှက်တယ်၊ နန္ဒာလှိုင်) (မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ စီစဉ်တင်ဆက်သည်)
	၁၀။	ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၄၂)
	၁၂။	မြန်မာဗီဒီယိုဇာတ်လမ်း "ဆူးရှိတဲ့ဖက်" (နိုင်းနိုင်း၊စိုးမြတ်သူဇာ၊ ခင်လေးနွယ်) [ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးပိုက်)]

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် မကွေးမြို့၌ မျက်စိခွဲစိတ်လူနာများအားထောက်ပံ့၊ အဘိုးအဘွားများအား လှူဒါန်း

ရန်ကုန် မတ် ၂၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိနှင့် ဒေါ်မြသီဂီ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်များ ပါဝင်သောအဖွဲ့သည် မတ် ၂၁ ရက် နံနက်ပိုင်းတွင် မကွေးမြို့ဆေးရုံကြီး၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ထောက်ပံ့မှုဖြင့် ခွဲစိတ်သော မျက်စိလူနာ ၄၅ ဦးနှင့် အသက်(၁၃)နှစ်အရွယ် မိန်းကလေးအား ခွဲစိတ်ကုသမှုအခြေအနေတို့ကို ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မကွေးမြို့ ရာဇမုနိဘုန်းတော်ကြီးကျောင်း၌ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် "ယဉ်ကျေးလိမ္မာ၊ မျိုးမြန်မာ" သင်တန်းတက်ရောက်သင်ကြားနေသော ကျောင်းသား ကျောင်းသူလေးများအား လက်ဆောင်များပေးအပ်ပြီး ရာဇမုနိဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ထာဝရငွေပဒေသာပင်များစိုက်ထူလှူဒါန်းကြသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် မကွေးမြို့ ဖန်ခါးမြေဘိုးဘွားရိပ်သာသို့ သွားရောက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ်ငါးထောင်နှုန်းဖြင့် ၂၄ ဦးအတွက် ငွေကျပ်တစ်သိန်းနှစ်သောင်းကို အဘိုးအဘွားများအတွက် လှူဒါန်းပြီး**(အောက်ပုံ)** မကွေးမြို့တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အသေးစားချေးငွေပေးအပ်ထားသည့် အောင်စေတနာရပ်ကွက်မှ ကြံရည်ဆိုင်လုပ်ငန်း၊ ကန်သာရပ်ကွက်မှ ကုန်စုံလုပ်ငန်း၊ ဆုံရပ်ကွက်မှ မုန့်ပျားသလက်နှင့် အကြော်ရောင်းချသည့်လုပ်ငန်း၊ ကျွန်းစုကျေးရွာမှအပ်ချုပ်ဆိုင်လုပ်ငန်းလုပ်ကိုင်သူတို့ထံ သွားရောက်၍ အားပေးစကားပြောကြားကာ မကွေးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါ အဖွဲ့သည် မတ် ၂၂ ရက်တွင် မကွေးမြို့ ဆေးရုံကြီး၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ထောက်ပံ့မှုဖြင့် ခွဲစိတ်သော မျက်စိလူနာ ၄၅ ဦးအား မျက်မှန်များ တပ်ဆင်ပေးခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး မျက်စိခွဲစိတ်ပြီးလူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က မျက်စိခွဲစိတ်လူနာ ၄၅ ဦးအတွက် တစ်ဦးလျှင် ခွဲစိတ်စရိတ် ကုန်ကျငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်းကုန်ကျငွေကျပ် ၁၃၅၀၀၀၀ နှင့် မကွေးတိုင်းဒေသကြီး ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းလှူဒါန်းခဲ့ပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး၊ ဆေးရုံအုပ်ကြီး၊ မျက်စိခွဲစိတ် အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၇

(၆၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ရုံးခန်း၌ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(ငြိမ်း)က နှုတ်ခွန်းဆက်စကားပြောကြားပြီး (၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မသန်စွမ်းအဖွဲ့ဝင်များ၊ အဆင့်မြင့်စည်းရုံးရေး သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်သည်။**(ဝဲပုံ)**

ယင်းနောက် မြို့နယ်စည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးအောင်တင်ဦး(ငြိမ်း)က မြို့နယ်စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင်များကိုယ်စား (၇၅)နှစ်နှင့် အထက် အဖွဲ့ဝင် တပ်ကြပ်ကြီး မြဦး(ငြိမ်း)က ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

အဆင့်မြင့်စက်ချုပ်နှင့် အခြေခံအိမ်တွင်းမှုသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၂၇

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၁၅)နှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၉)သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၃ ရက်တွင် အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရ မသက်သက်မွန်နှင့် အခြေခံအိမ်တွင်းမှုသင်တန်းတွင် ထူးချွန်ဆုရ မစုစုငယ်တို့အား အပ်ချုပ်စက်တစ်စုံစီ ဆုချီးမြှင့်ခဲ့သည်။

အဆင့်မြင့်စက်ချုပ်သင်တန်းသို့ သင်တန်းသူ ၁၀ ဦးနှင့် အခြေခံအိမ်တွင်းမှုသင်တန်းသို့ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဆွေးနွေးဟောပြော

ရန်ကုန် မတ် ၂၇

၂၀၁၂ ခုနှစ် အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးဟောပြောပွဲ အစည်းအဝေးကို မတ် ၉ ရက်နှင့် ၂၀ ရက်များတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနော်သန္တာဆွေနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် (၂၁)ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက အသက်(၉)လမှ (၅)နှစ်အတွင်း ကလေးငယ်များအားလုံး မတ် ၂၂ ရက်မှ ၃၁ ရက်အထိ ရပ်ကွက် ၂၁ ရပ်ကွက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အခြားသင့်လျော်သော ဆေးထိုးစုရပ်များဖြင့် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံရခြင်းများကို စုပေါင်းဆောင်ရွက်ကြပြီး ပညာပေးရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ (၆၈၄)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၂၇

ရန်ကုန် ဂေါက်အသင်း(တညင်းကုန်း)၌ CHEN Ruoquan သည် မတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် ကစားဖော်များဖြစ်ကြသော ဦးတင်မောင်အေး(မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး-ဘဏ္ဍာရေး)၊ Mr.Lei Zhenyu (ဥက္ကဋ္ဌ၊ CHINNERY ASSED)၊ Mr. MAR Guiming (ဒုတိယဥက္ကဋ္ဌ CHINNERY ASSED)၊ ဦးကံအေး (မန်နေဂျာ၊ CHINNERY ASSED)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ULTRA ဘောလုံးအား Wilson Wood(3) တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၈၀ အကွာရှိ ကျင်းအမှတ်(၈)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

အလားတူ ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)၌ ဦးမောင်သိန်းသည် မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ကစားဖော်များဖြစ်ကြသော Dr. ဦးမြင့်စိုး၊ ဦးခင်မောင်မြင့်၊ ဦးသောင်းကျော်၊ ဦးအေးမောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Srixon Distance No(1) ဘောလုံးအား Honma C1 707 Iron(7)တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၆၀ အကွာရှိ ကျင်းအမှတ်(၄)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။(တင်မောင်လတ်)

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် မတ် ၂၇

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွာတောကျေးရွာ၊ ဂုံမင်းအင်းကျေးရွာ၊ တောက်ထိန်ကျေးရွာနှင့် ကြံဖိုစု၊ လက်ပန်ခါးလှကျေးရွာတို့၌ ကျင်းပသည့် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ပြီး စက်ခလုတ်နှိပ်၍ လျှပ်စစ်စတင်ပို့လွှတ်ပေးသည်။ (ယာပုံ)

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးကံချွန်က တောက်ထိန်ကျေးရွာမီးလင်းရေးအတွက် နေပြည်တော်ကောင်စီက လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ဂုံမင်းအင်းကျေးရွာ မီးလင်းရေးအတွက် ငွေကျပ် သိန်း ၂၀ ကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က ကြံဖိုစု၊ လက်ပန်ခါးလှကျေးရွာ မီးလင်းရေးအတွက် နေပြည်တော်ကောင်စီက လှူဒါန်းငွေကျပ်သိန်း ၆၀ ကို လည်းကောင်း ကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နောင်တိုကုမ္ပဏီမှ ဦးစိုင်းတစ်အောင်က ရွာတောကျေးရွာ မီးလင်းရေးအတွက် ငွေကျပ် ၅၅ သိန်း တန်ဖိုးရှိ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ဒိုင်းမွန်းမာကျူရီကုမ္ပဏီမှ ဦးသီဟကျော်က တောက်ထိန်ကျေးရွာ မီးလင်းရေးအတွက် ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ အေစီအီးကုမ္ပဏီမှ ဦးဇော်မိုးဝင်းက ဂုံမင်းအင်းကျေးရွာ မီးလင်းရေးအတွက် ငွေကျပ် ၈၅ သိန်း တန်ဖိုးရှိ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြသည်။

နေပြည်တော်ကောင်စီနှင့် အလှူရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ထောက်ပံ့ကူညီမှုများဖြင့် ဇမ္ဗူသီရိမြို့နယ် ရွာတောကျေးရွာမှ အိမ်ခြေ ၉၀၊ ဂုံမင်းအင်းကျေးရွာမှ အိမ်ခြေ ၂၂၄ လုံး၊ တောက်ထိန်ကျေးရွာမှ အိမ်ခြေ ၁၀၁ လုံး၊ ကြံဖိုစု၊ လက်ပန်ခါးလှကျေးရွာမှ အိမ်ခြေ ၁၀၆ လုံးတို့ကို လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် နံနက် ၁၀ နာရီတွင် နေပြည်တော် လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်မြတ် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ပြီးမြောက်ခြင်း အလှူငွေပေးအပ်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီက အလှူငွေကျပ်သိန်း ၂၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်ငွေက အလှူငွေကျပ်သိန်း ၁၀၀၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း မိသားစုများက အလှူငွေကျပ် ၂၇ ဒသမ ၂ သိန်း၊ ဦးစိန်လွင် ဒိုင်းမွန်းမာကျူရီကုမ္ပဏီက အလှူငွေကျပ်သိန်း ၅၀၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်က အလှူငွေ ကျပ် ၁၂ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်မြတ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက် ပြည်သူအများစုပေါင်းလှူဒါန်းကြသည့် အလှူငွေကျပ် ၆၂၁ သိန်းဖြင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် မတ် ၁၈ ရက်တွင် အောင်မြင်စွာ ဆက်ကပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဇနီးတို့ ၂၀၁၂ ခုနှစ် ကမ္ဘာ့ တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကျင်းပ

နေပြည်တော် မတ် ၂၇

၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဇနီး ဒေါ်ဖြူဖြူညွန့်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်နှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ သူနာပြုသင်တန်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားကာ ပြခန်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးပျံလွှတ်တင်ရေးစခန်းကိုတွေ့ရစဉ်။

မြောက်ကိုရီးယားဒုံးပျံ လမ်းမှားဝင်လာပါက ပစ်ချပစ်ရန် တောင်ကိုရီးယား ပြင်ဆင်ထား

ဆိုးလ် မတ် ၂၇

မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်လိုက်သော ဒုံးပျံသည် မိမိနိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်းသို့ လမ်းမှားကာဝင်ရောက်လာမည်ဆိုပါက ယင်းဒုံးပျံကိုပစ်ချပစ်ရန် ပြင်ဆင်ထားကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက မတ် ၂၆ ရက်တွင် ပြောကြားလိုက်သည်။

တောင်ကိုရီးယားနှင့် အမေရိကန်စစ်ဘက်တို့က မြောက်ကိုရီးယား၏ ဒုံးပျံပစ်လွှတ်မည့်အစီအစဉ်ကို အနီးကပ်လေ့လာစောင့်ကြည့်လျက်ရှိကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ အနောက်မြောက်ပိုင်းဒေသသို့ ဒုံးပျံတစ်စင်း၏ အဓိကကျသော အစိတ်အပိုင်းတစ်ရပ်ကို ရွှေ့ပြောင်းသယ်ယူသွားသည်ဟု တောင်ကိုရီးယားနိုင်ငံက အတည်ပြုပြောကြားခဲ့ပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံနည်းတူ ဂျပန်နိုင်ငံကလည်း မိမိ၏ ပိုင်နက်နယ်မြေအတွင်းသို့ မြောက်ကိုရီးယားဒုံးပျံ ဝင်ရောက်လာမည်ဆိုပါက ပစ်ချမည်ဟု သတိပေးပြောကြားခဲ့သည်။

အင်တာနက်။

နယူးဆောက်သ်ဝေးပြည်နယ်ရှိ ဒေသများကို သဘာဝဘေးအန္တရာယ်ဇုန်အဖြစ်ကြေညာ

ဆစ်ဒနီ မတ် ၂၇

ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိရာ သဘာဝဘေးအန္တရာယ်ဇုန်အဖြစ် ဒေသလေးခုကိုထပ်မံကြေညာခဲ့ရကြောင်း နယူးဆောက်သ်ဝေးပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဌာနမှ အကြီးအကဲ မိုက်ကယ်ဂဲလက်ချားက မတ် ၂၇ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

သဘာဝဘေးအန္တရာယ်ဇုန်အဖြစ် သတ်မှတ်ခံရသောဒေသများရှိ ပြည်သူများအား အစိုးရက လိုအပ်သောအကူအညီများ ပေးလျက်ရှိသည်။ ယင်းဒေသများသည် ဖေဖော်ဝါရီနှင့် မတ်လအတွင်းတွင် ရေလွှမ်းမိုးမှုဘေးဒဏ်ကို ခံစားရလျက်ရှိသည်။

နယူးဆောက်သ်ဝေးပြည်နယ်တွင် သဘာဝဘေးအန္တရာယ်ဇုန်အဖြစ် ကြေညာခြင်းခံရသော ဒေသပေါင်းမှာ ယခုအချိန်အထိ ၆၃ ခုရှိပြီဖြစ်သည်။

နယူးဆောက်သ်ဝေးပြည်နယ် အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသတစ်ဝန်းတွင် ရေဘေးသင့်ပြည်သူများအား အကူအညီပေးရေး လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်ဟု သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ် ဝဂ္ဂါမြို့၌ ရေလွှမ်းမိုးလျက်ရှိသည်ကို တွေ့ရစဉ်။

ဘောလိဝုဒ်၏ ရုပ်ရှင်ကား ပါကစ္စတန်နိုင်ငံ၌ ပိတ်ပင်ခံရ

အစ္စလာမ္မာဘတ် မတ် ၂၇

အိန္ဒိယနိုင်ငံ၏ဂျိမ်းစဘွန်းအဖြစ် အပြောင်အပြက်အမည်ပေးထားသော ဇာတ်ကောင်ပါဝင်သည့် ရုပ်ရှင်ကားတစ်ကားကို ပါကစ္စတန်ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့က ပြသခွင့်ပိတ်ပင်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့(ယခင်ဘုံဘေမြို့) အခြေစိုက် ဘောလိဝုဒ်ရုပ်ရှင်လုပ်ငန်းမှထုတ်လုပ်သော "ထောက်လှမ်းရေးသမားဗီနော့ဒ်" အမည်ရှိ ရုပ်ရှင်ဇာတ်ကားသည် ပါကစ္စတန်စစ်ဘက်နှင့် ထောက်လှမ်းရေးအဖွဲ့အစည်းများအား ဝေဖန်ထားခြင်းကြောင့် နိုင်ငံအတွင်း ပြသခွင့်ပိတ်ပင်ရန် မိမိတို့ဆုံးဖြတ်ခဲ့ကြောင်း ပါကစ္စတန်ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ မိုဟာမက်အယ်ရှာရက်ဖ်က ပြောကြားသည်။

ပါကစ္စတန်တာဝန်ရှိသူများသည် အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်အဖွဲ့အား အကူအညီများပေးနေပုံကို အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဖော်ရိုက်ကူးထားသည်။

အဆိုပါရုပ်ရှင်ကားကို ပါကစ္စတန်နိုင်ငံ လာဟိုးနှင့် ကရာချိမြို့တို့၌ ရုံတင်ပြသရန် စီစဉ်ထားချိန်တွင် ဆင်ဆာအဖွဲ့က ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။



ကန့်ဒုံးကျည်ကာကွယ်ရေးစနစ်ကို တုံ့ပြန်ရန် ရုရှားတပ်မတော် ပြင်ဆင်ထားရမည်ဟုဆို

မော်စကို မတ် ၂၇

မော်စကိုနှင့် ဝါရှင်တန်ဆွေးနွေးပွဲများ ဆက်လက်ကျင်းပနေသော်လည်း အမေရိကန်ပြည်ထောင်စု၏ ဥရောပအတွင်း ဒုံးလက်နက်ကာကွယ်ရေးအစီအစဉ်ကို တုံ့ပြန်နိုင်ရန်အတွက် ရုရှားတပ်မတော်က ပြင်ဆင်ထားရမည်ဟု သမ္မတ ဒီမီထရီ မက်ဗီဒက်ဗ်က ပြောကြားလိုက်သည်။

အဆင်သင့်ရှိနေရမည်

မက်ဗီဒက်ဗ်သည် ထိပ်တန်းစစ်ဘက်အရာရှိကြီးများနှင့် တွေ့ဆုံခဲ့ရာတွင် ဆွေးနွေးပွဲတံခါးကို ပိတ်ပစ်မည်မဟုတ်ကြောင်း၊ သို့သော် တန်ပြန်စစ်ရေးနည်းလမ်းများမှာမူ အဆင်သင့်ရှိနေရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ဒုံးကျည်ကာကွယ်ရေး အစီအစဉ်သည် အီရန်နိုင်ငံမှ ဒုံးလက်နက်ဖြင့် ခြိမ်းခြောက်မှု အလားအလာကို ဖယ်ရှားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဆိုသည်။ သို့သော် လာမည့်နှစ်အနည်းငယ်အတွင်း ရုရှားနိုင်ငံကို ခြိမ်းခြောက်မှုပြုနိုင်သည်အထိ အင်အားကြီးမားလာမည်ကို မော်စကိုက စိုးရိမ်လျက်ရှိသည်။

၂၀၁၇-၂၀၁၈ ခုနှစ်ခန့်တွင် အပြည့်အဝ ပြင်ဆင်ထားပြီးဖြစ်ရမည်၊ အပြည့်အစုံ လက်နက်တပ်ဆင်ထားပြီးဖြစ်ရမည်ဟု ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် မိန့်ခွန်းတွင် မက်ဗီဒက်ဗ်က ပြောကြားခဲ့သည်။

အဆိုပါ ဒုံးကျည်ဒိုင်းလွှားအရေးကြောင့် မော်စကိုနှင့် ဝါရှင်တန်အကြား ဆက်ဆံရေးမှာ တင်းမာလာခဲ့သည်။ ဗလာဒီမာပူတင်သည် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီးနောက် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်သည့်အခါ ဆက်ဆံရေး ပြန်လည်ချောမွေ့မည်ဟု မျှော်လင့်ကြသည်။

အင်တာနက်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ

* မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ နယ်မြေဒေသအသီးသီးတွင် တိုက်နယ်အဆင့်မှစ၍ ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည့်နည်းတူ အထက်မြန်မာပြည်၏ ကျန်းမာရေးဗဟိုဌာနတစ်ခုအသွင်အဖြစ် မန္တလေးမြို့ကို ဗဟိုပြုဖော်ဆောင်ပေးလျက်ရှိသည်။
* မန္တလေးတိုင်းဒေသကြီး၌ ဆေးနှင့်ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်ခြောက်ခုရှိလာပြီး အထူးကုဆေးရုံခုနစ်ရုံ၊ သင်ကြားရေးဆေးရုံနှစ်ရုံအထိ မြင့်မားတိုးတက်လာသည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ တိုင်းရင်းသားပြည်သူများအနက် အရိုးရောဂါဖြစ်ပွားနေသော ပြည်သူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးလျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသည့် အရိုးအထူးကုဆေးရုံသစ်ကြီးကို တွေ့ရစဉ်။ (အပေါ်ဆုံးပုံ)

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၌ ဒေသတွင်းရှိ ကလေးသူငယ်များ ရောဂါဘယကင်းစင်ပြီး ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ တည်ဆောက်ဖွင့်လှစ်ပေးထားသော ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံသစ်ကြီးကို တွေ့ရစဉ်။ (အပေါ်ပုံ)

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့်အပြင် ဆေးပညာရှင်များ အဆင့်မြှင့်တင်မွေးထုတ်ပေးရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော သင်ကြားရေးဆေးရုံကြီးကို တွေ့ရစဉ်။ (ယာပုံ)

သတင်းမှတ်စု - မောင်ငြိမ်းအေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သရေစည်သူမင်းအောင်လှိုင် (၆၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ တက်ရောက်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ (၆၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား သို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၂၇

၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သရေစည်သူမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနှင့်ဇနီးတို့သည် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သိရိပျံချီစိုးဝင်းနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူလှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူဉာဏ်ထွန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူမြတ်ဟိန်းနှင့်ဇနီးတို့နှင့်အတူ ညစာစားပွဲသို့ တက်ရောက်လာကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ (၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သရေစည်သူမင်းအောင်လှိုင်နှင့် ဇနီးတို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

၂၀၁၂ ခုနှစ် (၆၇) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ညစာစားပွဲအပြီးတွင် အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)နှင့် နယ်လှည့်ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများက ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုး/ဇလညွှန်ကြားမှုဦးစီးဌာန စိန်ရတုအထိမ်းအမှတ်နှင့် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်နှင့် ကမ္ဘာ့မိုးလေဝသနေ့ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် သဘာဝဘေးကြိုတင်ကာကွယ်နိုင်ရန် သတိပေးချက်များ၊ ခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန်နှင့် နည်းပညာများ တိုးတက်ပြောင်းလဲလာသည်နှင့်အညီ မျိုးဆက်သစ်လူငယ်များအား ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ မိုးလေဝသ၊ ဇလဗေဒလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်မှာ (၇၅)နှစ်တာကာလရှိပြီ ဖြစ်သည့်အတွက် မှတ်တမ်းအချက်အလက်များသည် အဖိုးမဖြတ်နိုင်သော သတင်းအချက်အလက်များဖြစ်ပြီး နိုင်ငံတော်စီမံကိန်းများ၊ စီမံချက်များအတွက် များစွာ အထောက်အကူပြုနိုင်ရန်၊ တိုင်းထွာချက်များ တိကျမှန်ကန်ရန် အရေးကြီးကြောင်း၊ မှတ်တမ်းများ ထိန်းသိမ်းရာတွင်လည်း မပျောက်မပျက် မပျက်စီးစေရန်နှင့် နောင်အနာဂတ်ကာလများအတွက် အထောက်အကူပြုနိုင်ရန် အရေးကြီးကြောင်း၊ မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင် စသည့်လုပ်ငန်းများသည် တစ်နိုင်ငံတည်း သီးခြားဆောင်ရွက်ရခြင်းမျိုးမဟုတ်ဘဲ ပတ်ဝန်းကျင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရသော ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းဖြစ်ပြီး ခေတ်နှင့်အညီ နည်းပညာများ တိုးတက်ပြောင်းလဲလာမှုအပေါ် ဝန်ထမ်းများအနေဖြင့် မျက်ခြည်မပြတ်ဘဲ မိမိတို့တတ်ကျွမ်းထားသည့် အသိပညာ၊ အတတ်ပညာဖြင့် နိုင်ငံတော်အကျိုးနှင့် ပြည်သူ့အကျိုးကို စဉ်ဆက်မပြတ် ဆောင်ရွက်စေလိုပါကြောင်းဖြင့် ပြောကြားသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်နှင့် ကမ္ဘာ့မိုးလေဝသနေ့ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ထို့နောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ပူးတွဲတာဝန်) ဒေါက်တာဟာရင်နိုင်တီယမ်းက ဖတ်ကြားသည်။

အထိမ်းအမှတ် အခမ်းအနားတွင် မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်ဆိုင်ရာ ပညာပေးပြခန်းငယ်ကို ကမ္ဘာအေးစေတီလမ်းရှိ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၌ မတ် ၂၅ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်းအများပြည်သူကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

- ၅း၄၀ "ချမ်းသာ(၂)ပါး" တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၁၀း၅၅ ပခုက္ကူဒေသကောလိပ် အာစရိယပူဇော်ပွဲ
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ် (REVLON age defying with DNA ADVANTAGE)
- ၂း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Falcon Fiesta Instant Win 2012 ဖွင့်လှစ်ခြင်း)
- ၅း၀၀ အောင်စေတီသာသနာ့ဗိမာန် ကျောင်းတိုက်ပဓာနနာယက ဆရာတော် 'ဘဒ္ဒန္တစတိလ' မဟာထေရ်မြတ်၏သိက္ခာထပ် မွေးနေ့မင်္ဂလာ
- ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၃၅)**
- ၇း၁၀ "နှစ်သစ်အကြို မြန်မာပြည်သိန်းတန်" **Live Show (Part-3)**
- ၉း၂၀ **The Shop Around The Corner (Part-53)**
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၁၂)**
- ၁၀း၂၀ ဝင်းဦးသကြ်န်
- ၁၀း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၂၇)**
- ၁၁း၃၀ **Cartoon Show Time (SUPERMAN SHAZAM)**
- ၁း၅၅ ပြင်ဦးလွင်ရဲ့ ရွှေခြသေ့

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

နေပြည်တော် မတ် ၂၇

၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအောင်ကျော်မင်းက ဖတ်ကြားပြီး ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြသည်။ (သတင်းစဉ်)

အာဆီယံဆိုင်ရာ အသိအမြင်တိုးပွားရေးဖိုရမ် ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် တက်ရောက်

နေပြည်တော် မတ် ၂၇

အီတလီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်သည် အီတလီနိုင်ငံ ရောမမြို့၌ မတ် ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံဆိုင်ရာ အသိအမြင်တိုးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး မတ် ၂၄ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်သည် မတ် ၂၂ ရက်တွင် ကျင်းပသည့် ဖွင့်ပွဲအခမ်းအနား၌ အီတလီနိုင်ငံနှင့် အာဆီယံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေးနှင့် အာဆီယံဆိုင်ရာ အသိအမြင်တိုးပွားရေးဖိုရမ်၏ အရေးပါမှုများအပေါ် လည်းကောင်း၊ မြန်မာနိုင်ငံ၏နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၂၁ ရက် ညနေ၄ နာရီတွင် အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်၍ နိုင်ငံခြားရေးဝန်ကြီး Mr. Giulie Terzi di Sant' Agata နှင့်တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်မှုဆိုင်ရာအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင် အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင့်ဆွေလည်း တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

ဥတုရာသီ တောက်ပိုမှီ၏

(၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၇

၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ် သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ လှဋ္ဌေးဝင်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ လှဋ္ဌေးဝင်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်တင်အောင်ချစ်နှင့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ထို့နောက် (၆၇)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီရိပျံ့ချီရာပြည့်က စစ်ရေးပြဂုဏ်ပြုဆုရရှိကြသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား လည်းကောင်း၊ စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆု ရရှိသော အနော်ရထာစစ်ကြောင်းကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့၊ အလံကိုင်အဖွဲ့ အကောင်းဆုံးဆုရရှိသော အနော်ရထာစစ်ကြောင်းကိုယ်စားပြု အလံကိုင်အဖွဲ့၊ အုပ်စု(ခ) အကောင်းဆုံးစခန်းဆု ရရှိသော တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)နှင့် အုပ်စု(က) အကောင်းဆုံး စခန်းဆုရရှိသော စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား လည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီရိပျံ့ချီခင်ဇော်ဦးက အုပ်စု(ခ) စစ်ချီသီချင်း အကောင်းဆုံးဆုရရှိသော အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၁)၊ အုပ်စု(က) စစ်ချီသီချင်း အကောင်းဆုံးဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အုပ်စု(ခ) စစ်စည်းကမ်း အကောင်းဆုံးဆု ရရှိသော အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ အုပ်စု(က) စစ်စည်းကမ်းအကောင်းဆုံးဆုရရှိသော ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အုပ်စု(ခ) စစ်ရေးပြ အကောင်းဆုံးဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၁)၊ အုပ်စု(က) စစ်ရေးပြအကောင်းဆုံးဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ လှဋ္ဌေးဝင်းက အုပ်စု(ခ) စံပြတပ်ခွဲ တတိယဆုရရှိသော အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အုပ်စု(က) စံပြတပ်ခွဲ တတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အုပ်စု(ခ) စံပြတပ်ခွဲဒုတိယဆုရရှိသော အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အုပ်စု(က) စံပြတပ်ခွဲ ဒုတိယဆုရရှိသော သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အုပ်စု(ခ) စံပြတပ်ခွဲ ပထမဆုရရှိသော အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အုပ်စု(က) စံပြတပ်ခွဲ ပထမဆုရရှိသော အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ လှဋ္ဌေးဝင်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်တင်အောင်ချစ်နှင့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူလှဋ္ဌေးဝင်း (၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အုပ်စု(က) စံပြတပ်ခွဲ ပထမဆုရရှိသော အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကြားဖြတ်ရွေးကောက်ပွဲသတင်းများကို ဂြိုဟ်တုမှသတင်းရယူခြင်း ဆောင်ရွက်လိုသော သတင်းဌာနများ ဂြိုဟ်တုမှ သတင်းပေးပို့/ရယူနိုင်

နေပြည်တော် မတ် ၂၇

၁-၄-၂၀၁၂ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲသတင်းများကို ဂြိုဟ်တုမှ သတင်းရယူခြင်း (SNG; Satellite News Gathering) ဆောင်ရွက်လိုသော သတင်းဌာနများအတွက် နေပြည်တော် ပြန်ကြားရေးဝန်ကြီးရုံး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ပြည်လမ်း ရန်ကုန်)စသည့် နေရာ (၃)နေရာမှ Thaicom-5 ဂြိုဟ်တုသို့ Satellite Uplink လုပ်ငန်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ သတင်းပေးပို့လိုသော သတင်းဌာနများသည် ညွှန်ကြားရေးမှူးချုပ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထံ Booking Time လျှောက်ထား၍ သတ်မှတ်အခကြေးငွေပေးပြီး Uplink ဆောင်ရွက်နိုင်သည်။ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များမှာ ၀၆၇-၇၉၄၇၁၊ ၀၆၇-၇၉၄၇၄၊ Fax; ၀၆၇-၇၉၄၇၃၊ ၀၆၇-၇၉၄၆၄ ဖြစ်သည်။ သတင်းပေးပို့ဖမ်းယူခြင်းအတွက် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်း Uplink တင်ပေးနိုင်မည့်နေရာနှင့် Technical Parameter များ

1. Location နေရာ အမှတ်-၁ — ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်
   Tape Format- DVC Pro/DVCam (NTSC/PAL)
   MPEG 2
   Flyaway Earth Station ဖြင့် Thaicom-5 သို့ Uplink တင်ပေးနိုင်သည်။
2. Location နေရာ အမှတ်-၂ — မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(တပ်ကုန်း)
   Tape Format- DVC Pro/DVCam (NTSC)
   MPEG 2
   9 Meter Earth Station မှ Thaicom-5 သို့ Uplink တင်ပေးနိုင်သည်။
3. Location နေရာ အမှတ်-၃ — မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)
   Tape Format- DVC Pro/DVCam (NTSC)
   MPEG 2
   9 Meter Earth Station မှ Thaicom-5 သို့ Uplink တင်ပေးနိုင်သည်။

Thaicom-5 Downlink Parameter

Satellite	-	Thaicom-5(Regional Beam)
Bandwidth	-	3 MHz
Downlink Frequency	-	3608 MHz
Symbol Rate	-	2500 k sym/sec
FEC	-	3/4
Polarization	-	Vertical
Modulation	-	DVBS/QPSK

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား မျက်မှန်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်

ရန်ကုန် မတ် ၂၇

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ထုံးကြီးကျေးရွာရှိ ဓမ္မဝိဟာရကျောင်းသို့ ရောက်ရှိပြီး ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျေးရွာအတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်မှန်များနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သုံးခွမြို့နယ်အတွင်းရှိ ကတုံးပေါ်အထက်ရွာရှိ ဘုန်းတော်ကြီးကျောင်း၊ ဇွဲထော်ကျေးရွာရှိ လောကသန္တိသုခမင်္ဂလာကျောင်းတိုက်နှင့် ကံမြင့်ကျေးရွာရှိ ကံမြင့်ကျောင်းတို့သို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မျက်စိဝေဒနာရှင် ကျေးရွာသူ ကျေးရွာသားများအား မျက်မှန်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ထုံးကြီးကျေးရွာ၌ မျက်စိဝေဒနာရှင်များအား မျက်မှန်များ လှူဒါန်းတပ်ဆင်ပေးစဉ်။

(သတင်းစဉ်)

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့ ကျင်းပ

ရန်ကုန် မတ် ၂၇

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ် ၆၂ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း(ပြင်ဆင်ချက်) ဥပဒေမူကြမ်းအား တင်သွင်းခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

နေပြည်တော် မတ် ၂၇

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဇော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦး၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဖိတ်ကြားထားသော တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင် သုံးဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပြီး တတိယပုံမှန် အစည်းအဝေး၌ ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားကာ နံနက် ၁၁ နာရီခွဲတွင် အစည်းအဝေးကျင်းပပြီးစီးသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ပရိဘောဂပြပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၇

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်မှုဖြင့် Yangon Lifestyle Furniture Fair ပြပွဲကို မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲတွင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဝင် ကုမ္ပဏီပေါင်း ၃၃ ခုမှ ပြခန်းပေါင်း ၁၆၄ ခန်းဖြင့် ပြသမည်ဖြစ်သည်။ ပြခန်းများတွင် ကျွန်းဖြင့်ပြုလုပ်ထားသော ပရိဘောဂများ၊ သစ်မာနှင့် အခြားအသားများဖြင့် ပြုလုပ်သော ပရိဘောဂများကို နှစ်သစ်ကူး အကြို အထူးလျှော့ဈေးဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

(၆၈၇)

အမှတ်(၃)အခြေခံပညာဦးစီးဌာန၏ တတိယအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူမင်္ဂလာကျင်းပ

ရန်ကုန် မတ် ၂၇

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)၏ တတိယအကြိမ် စုပေါင်းရဟန်းခံရှင်ပြုပွဲနှင့် သီလရှင်ဝတ်ပွဲ အလှူမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ပညာရေးမွာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တကုဏ္ဍလထိမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရား နာယူကြသည်။

ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ အပါအဝင် ပညာရေးဝန်ထမ်းများအား ရဟန်း လောင်း ၁၆၁ ပါး၊ သာမဏေလောင်း ၄၀၅၆ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၈၁၁ ပါး စုစုပေါင်း အပါး ၅၀၂၈ တို့အား ပရိယတ္တိသာသနာ အားထုတ်နိုင်စေရန်အတွက် တတိယအကြိမ်မြောက် အလှူမင်္ဂလာအဖြစ် ကျင်းပပေးခဲ့ကြောင်း သိရသည်။ (လှိုင်မြင့်)

အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုး

ရန်ကုန် မတ် ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း (၂၀၁၂) မြို့နယ်အဆင့် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက် နံနက် ၇ နာရီတွင် (၃၇)ရပ်ကွက် သာသနာ့ရက္ခိတမွာရုံ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါကာကွယ်ဆေးဖြင့် ကာကွယ်တားဆီး၍ရသော ရောဂါများအနက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်အတွင်းရှိ အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးသူငယ်ပေါင်း ၁၃၃၃၅ ဦးကို ဆေးထိုးနှံပေးပြီး **(ယာဉ်)** မတ် ၂၂ ရက်မှ ၃၁ ရက်ထိ ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သံမောင်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၂၇

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံး ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် လာသည့် အခြေအနေနှင့် ကြုံတွေ့လာနိုင်သည့် အခက်အခဲများ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ မိမိတို့ဝန်ကြီးဌာန အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်၏ ပြောင်းလဲလာသော အခြေအနေများနှင့်အညီ ယခုအချိန်ကာလတွင် နိုင်ငံခြားခရီးသွား ဧည့်သည်များ ပိုမိုတိုးတက်ရောက်ရှိလာပြီး ရင်းနှီးမြှုပ်နှံမှုပြုမည့် ပြည်ပ ကုမ္ပဏီများလည်း အများအပြား လာရောက်ဆက်သွယ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့ ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်ရန် အရေးကြီးကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။**(အပေါ်ပုံ)**

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ခံအရာရှိများ၊ မြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ နေပြည်တော်ဟိုတယ်ဇုန် အတွင်း ရေးမှူးနှင့် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်း ရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေး ကော်မတီတို့မှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်ဇနီး ဒေါ်ခင်ဌေးမြင့် တို့သည် မတ် ၂၆ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် ဧရာဝတီတိုင်း ဒေသကြီး အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ပုသိမ်မြို့ ဘုရားကြီး ကုန်းကျေးရွာ သရောင်းမဟာစေတီ တော်၌ ကျင်းပသည့် (၃၄)ကြိမ်မြောက် စတုဒိသာ အလှူတော် မင်္ဂလာအခမ်း အနားသို့ တက်ရောက်သည်။

ညနေပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁၂) ရပ်ကွက် ကြခတ်ကုန်းကျေးရွာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် လှူဒါန်းသော အမှတ်(၂၁၀) အခြေခံပညာမူလတန်း ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲ သို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက် ရောက်ခဲ့ကြောင်းနှင့် ကျောင်းဆောင်သစ် ကို တိုင်းဒေသကြီး သစ်တောနှင့် သတ္တု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမြင့်၊ တိုင်းဒေသ ကြီး ပညာရေးမှူး(စစ်ဆေးရေး)ဦးမင်းနိုင် နှင့် ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ် ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

✻ ကျောဖုံးမှ

ဒီအင်န်အေမော်လီကျူးများ စုဝေးတည်ရှိခြင်းကို အသိအမှတ်ပြုလက်ခံနိုင်သည်ဟု ကိုရီးယားပညာရှင်တို့က ဂျာမန် Angewandte Chemic ဂျာနယ်တွင် ဖော်ပြခဲ့ကြသည်။

ထိတွေ့မျက်နှာပြင်များသည် ရာနှုန်းပြည့်နီးပါး တိကျမှန်ကန်စွာဖြင့် ဒီအင်န်အေမော်လီကျူးများအား လက်ခံနိုင်စွမ်းရှိသည်ကို မိမိတို့ အတည်ပြုခဲ့ကြကြောင်း၊ သမားရိုးကျ ဆေးဝါးဆိုင်ရာ ကိရိယာများ၏ လက်ခံနိုင်စွမ်း ရှိသည့်အတိုင်း ဖြစ်ကြောင်း၊ ပရိုတိန်းများအတွက် တူညီသော ရလဒ်များသည် ဖြစ်နိုင်ခြေရှိသည်ကို မိမိတို့ ယုံကြည်ကြောင်း သုတေသနပြုအဖွဲ့ခေါင်းဆောင် ဟွန်ဂျူပတ် (Hyungyu Park)က ပြောသည်။

တုံ့ပြန်ဓာတ်ပြုခြင်းနှင့်အတူ တိကျသော ဇီဝဓာတုမော်လီကျူးများကို ခွဲခြားနိုင်သည့် ရုပ်မြင်ပုံစံတစ်မျိုးကို အကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း KAIST သိပ္ပံပညာရှင်များက ပြောကြားသည်။ အနာဂတ်သုတေသနပြုမှုများက အမျိုးမျိုးသော ဇီဝမော်လီကျူးများကို စမ်းသပ်ရှာဖွေနိုင်မည့် ထိတွေ့မျက်နှာပြင်များ ပေါ်ထွက်လာစေရန် ဦးတည်သွားစေနိုင်သည်ဟု ၎င်းတို့က မျှော်လင့်နေကြသည်။ အင်တာနက်။

၂၀၁၂ ခုနှစ် မြန်မာ CP Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (Tennis Federation of Myanmar) တို့ ပူးပေါင်း ကျင်းပပြီး Myanmar CP Livestock Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့သည့် မြန်မာ CP Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို မတ် ၂၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၌ ပထမ ရရှိသော PETRONAS တင်းနစ် ကလပ်အသင်းအား တံခွန်စိုက် TROPHY ဆုကိုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

သကြ်ဳန်အကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၇

သင်္ကြန်အကြို ဂေါက်သီးရိုက်ပြိုင်ပွဲကို တတိယအကြိမ်မြောက် ဘုရင့်နောင်ပွဲရုံ မိသားစု B.G.G အသင်းက ကြီးမှူးကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအား Royal Mingalardon Golf Class ၌ ဧပြီ ၈ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ရာ အသင်းဝင်အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ မပျက်မကွက်ပြိုင်ပွဲဝင်ကြပါရန်နှင့် ပြိုင်ပွဲဝင်လိုသည့် အသင်းဝင်များသည် ဧပြီ ၄ ရက် ထက်နောက်မကျဘဲ ဥက္ကဋ္ဌ ဦးခင်ဟန် ဖုန်း-၀၉-၅၁၁၄၇၀၀၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၁-၇၀၅၆၂၃၊ တွဲဖက်အတွင်းရေးမှူး ဦးနေလင်း ဖုန်း-၀၉-၇၃၀၁၇၄၆၆ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

စည်းကမ်းမဲ့ ဆေးလိပ်တိုပစ်သူတစ်ဦးကြောင့် ဒေါ်လာငါးသန်းဖိုးခန့်ရှိ သစ်လုံးများ မီးလောင်ဆုံးရှုံး

ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း(MITT)ဝင်းအတွင်း စုပုံ ထားရှိသော သစ်လုံးများ မတ် ၂၆ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း(MITT)ဝင်း အတွင်း၌ ထားရှိသော CIFG ကုမ္ပဏီပိုင် သစ်လုံးများ ထားရှိရာ ကိုင်းတောအနီး၌ လမ်းသွားလမ်းလာတစ်ဦးက စွန့်ပစ်ခဲ့သော ဆေးလိပ်တိုမီးမှတစ်ဆင့် ကိုင်းတောများသို့ မီးလောင်ကျွမ်းခဲ့ပြီး အနီးရှိ သစ်လုံးပုံများနှင့် ကျောက်မီးသွေးပုံများသို့ မီးကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်ကျွမ်းမှုကြောင့် မြန်မာ အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT)ဝင်း အတွင်း၌ စုပုံထားသော သစ်လုံးတန်ချိန် သုံးသောင်းခန့်အနက်မှ ကျွန်းသစ်တန်ချိန် သုံးထောင်နှင့် သစ်မာ တန်ချိန်လေးထောင်ခန့် မီးလောင် ဆုံးရှုံးသွားခဲ့ပြီး မီးလောင်မှုကြောင့် အမေရိကန်ဒေါ်လာ ငါးသန်းဖိုးခန့် ဆုံးရှုံးသွားခဲ့သည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှ မီးသတ်ယာဉ်အစီး ၃၀၊ အုပ်ချုပ်မှုယာဉ် ရှစ်စီး၊ မိတ်ဖက် ယာဉ် ၁၃ စီး၊ အထောက်အကူပြုယာဉ် ခုနစ်စီး၊ သန္တေမီးသတ် ၃၇၀၊ အရန်မီးသတ် ၇၇ ဦးနှင့် တိုင်းကြက်ခြေနီ တပ်ဖွဲ့ဝင် ခြောက်ဦးတို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးမှာ မတ် ၂၇ ရက် နံနက် ၆ နာရီခန့်တွင် ငြိမ်းသွားခဲ့သည်။

သီလဝါ ဆိပ်ကမ်းဝင်းအတွင်း သိုလှောင်ထားသော သစ်လုံးတန်ချိန် သုံးသောင်းခန့်အနက်မှ သစ်လုံးတန်ချိန် နှစ်သောင်းသုံးထောင်၊ နိုင်ငံခြားမှ တင်သွင်းလာသော ကားအစီးရေတစ်ထောင်ကျော်၊ မြေထိုးယာဉ်အစီး ၃၀ နှင့် ကွန်တိန်နာ သေတ္တာယာဉ် ၂၅ စီးတို့မှာ မီး လောင်ကျွမ်းမှုမှ လွတ်ကင်းခဲ့သည်။

(ကိုကြီးသာ)



မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT)ဝင်းအတွင်း၌ စုပုံထားရှိသော သစ်လုံးများ မီးလောင်ကျွမ်းနေစဉ်။

(ဓာတ်ပုံ-စိန်လှိုင်(IPRD))

ယနေ့ ဖတ်စရာ မှတ်စရာ

ဖြည့်ဆည်းအပ်သည့် လောကဝတ်

လူ့လောကတွင် မည်သူတစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့ကမျှ ပြဋ္ဌာန်း သတ်မှတ်ထားခြင်းလည်းမရှိ၊ အဓမ္မတိုက်တွန်းနှိုးဆော်ထားခြင်းလည်းမရှိဘဲ သဘာဝလောကကြီး၏ သမ္မုတတရားအရ သူ့အလိုအလျောက် ဖြစ်ပေါ်လာသော "လောကဝတ်" ဆိုသည်မှာလည်းရှိ၏။ ယင်းတို့မှာ 'နှုတ်၏ စောင်မခြင်း'နှင့် 'လက်၏ စောင်မခြင်း'တို့ပင်ဖြစ်သည်။

'နှုတ်၏စောင်မခြင်း'ဆိုသည်မှာ ငွေကြေးဥစ္စာနေ၊ လက်ဆောင်ပစ္စည်းများဖြင့် မဟုတ်မူဘဲ မိမိ၏နှုတ်မှ အင်အားချို့တဲ့နေသူ၊ နာမကျန်းသူ၊ စိတ်ဓာတ်လျော့ရဲနေသူ စသည့် ညာတကာဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဖြစ်စေရန် ရင်တွင်းမှ ပျူငှာလှိုက်လှဲသော ထပ်တူပြုခံစားမှုဖြင့် အားပေးနှစ်သိမ့်ပေးခြင်းပင်ဖြစ်သည်။

'လက်၏ စောင်မခြင်း'ဆိုသည်မှာ မိမိတို့ ပိုင်ဆိုင်သည့် နေစည်းစိမ်များထဲမှ အကြောင်းအမျိုးမျိုးတို့ကြောင့် အတိဒုက္ခရောက်နေသူများ၊ နွမ်းပါးသူများအား ဝေမျှလှူဒါန်းပေးကမ်းခြင်းပင်ဖြစ်သည်။ အကူအညီလိုအပ်နေသူများအဖို့ကား မည်သို့သော စောင်မကြည့်ရှုခြင်းမျိုးမဆို အဖိုးဖြတ်နိုင်မည်မဟုတ်ပါ။

တစ်နေ့ မြို့ထဲမှအပြန် အဝေးပြေးမှတ်တိုင်တစ်ခုတွင် အမေအရွယ် အမျိုးသမီး တစ်ဦးတက်လာသည်။ စာရေးသူဘေးတွင် ဝင်ထိုင်သည်။ ဘယ်သွားမှာလဲ အမေဟု မေးသောအခါ ဆူးလေကိုဟု ဖြေသည်။ ဒုက္ခတော့များတော့မည်။ ယင်းအမေ စီးလာသောကားက လှည်းတန်းကိုသွားနေသည်။ ထိုမှတစ်ဆင့် မြောက်ဒဂုံသွားမည့်ကား။ လမ်းကြောမှား၍ တက်လာခြင်းဖြစ်သည်။ သို့နှင့် လှည်းတန်းကျောင်းရှေ့တွင် စာရေးသူလည်း ဆင်းရမည့်မှတ်တိုင်ဖြစ်၍ ယင်း အမေကို ခေါ်ဆောင်လာကာ လမ်းတစ်ဖက်ကူးပြီး ဆူးလေဘက်သွားမည့် ကားပေါ်သို့ တင်ပေးလိုက်ရသည်။

တစ်ပတ်ကဖြစ်သည်။ ဘိုကလေးဈေးမှတ်တိုင်မှတက်လာသည့် လင်မယား စုံတွဲ။ သွားမှာက ပုဇွန်တောင်။ စီးလာသည့်ကားက ညောင်ပင်လေးဈေး၊ ကီလီ၊ ကြည့်မြင်တိုင်ကမ်းနားဘက်သွားနေသည့်ကား၊ သို့ဖြင့် ရှေ့မှတ်တိုင်တွင်ဆင်း၍ အပေါ်လမ်းဘက်သို့ တက်ကာ ယင်းလမ်းကြောအတိုင်းလာသည့် ကားကို စီးလျှင် ရောက်နိုင်ကြောင်း ပြောလိုက်ရ၏။ အဆိုပါလင်မယားမှာ ပုဇွန်တောင်ရောက်တယ် ဆိုပြီး ခေါ်လာတာ-ဘာဘာညာညာပြောဆို၍ ကားပေါ်မှ ဆောင့်အောင့်ကာ ဆင်းသွားလေတော့သည်။ ယာဉ်နောက်လိုက် နှစ်ဦးက ရောက်လို့ရောက်တယ် ပြောတာပေါ့၊ နည်းနည်းတော့ ကြာမယ်။ ဟဲဟဲဟဲဟု ဆိုကာ ရယ်ပွဲ ဖွဲ့နေကြလေ၏။ အမှန်တော့ သူတို့ကားလည်းရောက်တော့ရောက်သည်။ နောက်တစ်ပတ် ပတ်ပြီးမှ ရောက်မည့် ပုဇွန်တောင်။ ကိုယ့်အတွက် ငွေရဖို့ပဲကြည့်သည်။ သွားမည့်ခရီးသည် အတွက် ထည့်မစဉ်းစားကြ။ အချို့ဆိုလျှင် မရောက်သည့်ခရီးကိုပင် ရောက်သည်ဟု ဆိုကာ ခေါ်တင်လာခဲ့ခြင်းများ ရှိသည်။

တစ်ရက်ကဖြစ်သည်။ ခရီးသည်တစ်ဦးက စာတိုက်ရောက်သလားဟုမေးသည်။ စပယ်ယာက ရောက်သည်ဟု ပြောကာခေါ်လာ၏။ ပြီးတော့သွားမည့်သူက ကြည့်မြင်တိုင်အောက်လမ်းကစာတိုက်၊ ခေါ်တင်လာသူက အပေါ်လမ်း စာတိုက် ချပေးသည်။ စကားများကြပါလေရော။ မသိကျိုးကျွန်ပြု၍ ခေါ်လာခြင်းပင်ဖြစ်သည်။ အစကတည်းက အပေါ်လမ်း၊အောက်လမ်းခွဲခြား၍ ခေါ်ခဲ့လျှင် ပြဿနာဖြစ်မည် မဟုတ်။ လိုင်းကားစီးရင်း စိတ်မကောင်းဖွယ်အဖြစ်မျိုး မကြာခဏကြုံရသေးသည်။ မြို့တွင်းပြေးဆွဲနေသော လိုင်းကားတိုင်းလိုလိုပင် သက်ကြီးရွယ်အို အဘိုး၊ အဘွား များနှင့် သီလရှင်ကြီးများကို မတင်ချင်။ အပြေးတက် အပြေးဆင်းရသည့် သူတို့ကား များအတွက် အဟန့်အတားသဖွယ်။ ထို့ကြောင့် မှတ်တိုင်မေးလျှင်လည်း အဲဒီမှတ်တိုင် မရောက်ဟု ပြော၍မောင်းထွက်သွားသည်မျိုး အကြိမ်ကြိမ်ကြုံဖူး၏။ ကူညီဖို့ လမ်းညွှန်ဖို့နေနေသာသာ သတ်မှတ်ယာဉ်စီးခပေး၍ လိုက်မည့်ခရီးသည်ကိုပင် ထားရစ်ခဲ့ကြသည်။ (သက်ကြီးရွယ်အိုနှင့် ဘုန်းတော်ကြီးများကို ဦးစားပေးသော လိုင်းကားအလွန်နည်းလာပါသည်။)

စင်စစ် ရန်ကုန်မြို့တစ်ခွင် သွားလာလှုပ်ရှားနေရသူအားလုံးတို့သည် ရန်ကုန်မှာ မွေး၍ ရန်ကုန်တွင်ကြီးပြင်းကြသူများချည်း မဟုတ်ကြပါ။ နယ်စုံအရပ်စုံမှ အကြောင်း ကိစ္စအမျိုးမျိုးတို့ဖြင့် ရောက်လာကြသူများဖြစ်သည်။ ထို့ကြောင့် မည်သည့်နေရာသို့ မည်သည့်လိုင်းကားဖြင့်(မည်သည့်ကားနံပါတ်ဖြင့်)သွားရမည်ကို ဂဃနဏမသိ နိုင်ကြပါ။ လိပ်စာကိုသာကြည့်၍ သွားလာကြရသည်။

ဤသို့ခေတ္တခဏလာရောက်ကြသူများကို မဆိုထားဘိ။ ရန်ကုန်တွင် ရှစ်နှစ် ကိုးနှစ်နီးပါး အခြေချနေလာပြီဖြစ်သော စာရေးသူပင် ကိုယ်မရောက်ဖူးသည့် နေရာဆိုလျှင် ကားနံပါတ်မေးရသည်။ ရောက်ရဲ့လားဟုမေးရသည်။ ရောက်လျှင် လည်း ရှက်နေ၍မရ။ မေးရစမ်းရသည်။ လျှာတတ်လျှင် မြတ်သကဲ့သို့ ကူတတ် လျှင်လည်း တစ်ပါးသူတစ်ဦးတစ်ယောက်အတွက်(သို့) လူသားများအတွက်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကိုယ့်အတွက်လည်း မထောင်းတာလှ။ အဖိုးသား နားလည်း များများစားစားမဟုတ်။ အပန်းလည်းမကြီး။ မိမိ၏ ရင်တွင်းမှမွန်မြတ် လှသည့် စိတ်စေတနာကလေးထားကာ နှုတ်၏စောင်မခြင်းအဖြစ် ဖေးမကူညီ ညွှန်ပြပေးကြမည်ဆိုလျှင်. . . . .'

ခင်မောင်ဌေး (ပညာရေး)

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ခိုင်မာစွာ ရေရှည်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ လူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်း စတင်ရေးဆွဲနေ

နိုင်ငံသားတို့၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးကို အရှိန်အဟုန်မပျက် ဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၂၇

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက် (၂/၂၀၁၂)ကို ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ရပ်တည်ဆောင်ရွက်လျက်ရှိခြင်းနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက် (ကော်မရှင်သတင်းထုတ်ပြန်ချက် ၂/၂၀၁၂)

၂၀၁၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းသည် အခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိကြောင်း သဘောထားမှတ်ချက်တင်ပြလာသည့်အတွက် ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဗဟိုအဖွဲ့အစည်းတွင် ထည့်ထားခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် အသုံးစရိတ်ထည့်ထားခြင်းတို့ကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

အဆိုပါသတင်းသည် ပြည်တွင်းပြည်ပသို့ ပျံ့နှံ့သွားပြီး ပြည်သူလူထုအတွင်း လူ့အခွင့်အရေးကော်မရှင်ကို ဖျက်သိမ်းလိုက်သည်ဟုယူဆကာ ဝေဖန်ချက်များ အမျိုးမျိုးထွက်ပေါ်လာပြီး မေးမြန်းစုံစမ်းမှုများ ပြုကြပါသည်။ ပြည်တွင်းပြည်ပမှ စိုးရိမ်မှုများလည်း ရှိပါသည်။

လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်နိုင်ရန်၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားများ၏ လူ့အခွင့်အရေးများ တိုးတက်ဖော်ဆောင်နိုင်ရန်နှင့် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရာတွင် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ ပြည့်ဝစေရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို လေ့လာရမည်ဆိုပါလျှင် ပြဋ္ဌာန်းချက်များအရ နိုင်ငံသားတို့သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် “တန်းတူညီမျှ အခွင့်အရေး”၊ “လွတ်လပ်မှု အခွင့်အရေး”၊ “တရားမျှတမှုအခွင့်အရေး”တို့ကို ခံစားခွင့်ရှိသည်ဟုလည်းကောင်း၊ နိုင်ငံသားများ၏ “လွတ်လပ်ခွင့်”၊ “လုပ်ပိုင်ခွင့်”၊ “ခံစားခွင့်”၊ “တာဝန်နှင့် တားမြစ်ချက်များ” ကို ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သောဥပဒေများ ပြဋ္ဌာန်းရမည်ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း သက်ရောက်ပျံ့နှံ့ကြောင်း ပြဋ္ဌာန်းချက်တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတ၌ တည်ရှိသည်ဟု အုပ်ချုပ်မှုအာဏာ ပေးအပ်ထားသည်ကိုလည်း လေ့လာသိရှိရပါသည်။ အထက်ပါ ပေးအပ်ထားသော တာဝန်များကို နိုင်ငံတော်သမ္မတသည် လွှဲအပ်သောအုပ်ချုပ်မှုအာဏာများ ကျင့်သုံးအကောင်အထည်ဖော်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကော်မရှင်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်ဟု ကော်မရှင်အနေဖြင့် ခံယူပါသည်။ အခြေအနေအချိန်အခါနှင့်အညီ ကော်မရှင်ဖွဲ့စည်းပေးခဲ့ခြင်းသည် အလွန်သင့်မြတ်လျော်ကန်၍ နိုင်ငံသားများနှင့် နိုင်ငံတော်အတွက် အကျိုးရလဒ်များ ရရှိစေခဲ့ပါသည်။ ကော်မရှင်သည် နိုင်ငံတော်သမ္မတသို့ လွှဲအပ်ထားသော အုပ်ချုပ်မှုအာဏာအရ ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ ဗဟိုအဖွဲ့အစည်းတွင် အကျုံးမဝင်၍ ဘတ်ဂျက်ရသုံးမှန်းခြေငွေစာရင်း အသုံးစရိတ်တွင် ထည့်ထားခြင်းမှ ပယ်ဖျက်ခြင်းသည် ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်အကောင်အထည်ဖော်ခြင်းတို့ကို ပျက်ပြယ်စေခြင်းမရှိနိုင်ပေ။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ရေရှည်ဆောင်ရွက်သွားရမည့် အဖွဲ့တစ်ဖွဲ့ဖြစ်ပါသည်။ ကော်မရှင်ကို Paris Principles နှင့် အညီ ဖွဲ့စည်းရာတွင် အစိုးရ၏ ထိန်းချုပ်မှုမှ လွတ်လပ်ပြီး သီးခြားရပ်တည်သည့် အဖွဲ့အနေဖြင့် ဖွဲ့စည်းနိုင်ရန်အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်သည်ဟုလည်း ကော်မရှင်အနေဖြင့် ခံယူပါသည်။ Paris Principles အရ အမျိုးသားလူ့အခွင့်အရေးကော်မရှင်များအား သက်ဆိုင်ရာအစိုးရက လုံလောက်သော ဘဏ္ဍာငွေများ ထောက်ပံ့ကြရပါသည်။ သို့ပါ၍ အစိုးရ၏ အထောက်အပံ့နှင့် အခြားသော အထောက်အပံ့များကို စနစ်တကျ လက်ခံသုံးစွဲသော အဖွဲ့အစည်းအဖြစ် ကော်မရှင်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အာဆီယံနိုင်ငံများမှ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတို့တွင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များဖွဲ့စည်းပြီး လူ့အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးဆောင်ရွက်ပေးလျက်ရှိကြပါသည်။ ၎င်းတို့အနက် နိုင်ငံအများအပြားတွင်လည်း ကော်မရှင်များကနဦး ဖွဲ့စည်းစ ကာလနှစ်များတွင် သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ယူဖွဲ့စည်းပေးခဲ့သည်ကို တွေ့ရှိရပါသည်။ ယင်းနောက်မှ လူ့အခွင့်အရေးကော်မရှင်ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ ဆက်လက်ရပ်တည်ဆောင်ရွက်ကြသည်ကို လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံသည် အာဆီယံတွင် (၅)နိုင်ငံမြောက် အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းနိုင်သော နိုင်ငံဖြစ်သဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုလည်း မြင့်မားစေခဲ့ကြောင်း နိုင်ငံတကာပြောကြားချက်များအရ သိရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ခိုင်မာစွာ ရေရှည်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ လူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းအား စတင်ရေးဆွဲနေပြီဖြစ်ပါသည်။ ကော်မရှင်သည် ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတထံ တင်ပြပြီး သဘောတူညီချက်ရရှိပါက သမ္မတရုံးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပေးအပ်ထားသော တာဝန်များအတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော နိုင်ငံသားတို့၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ရက်စွဲ။ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ယနေ့ သတင်းအညွှန်း

မြောက်ကိုရီးယားဒုံးပျံ လမ်းမှားဝင်လာပါက ပစ်ချပစ်ရန် တောင်ကိုရီးယား ပြင်ဆင်ထား

နိုင်ငံတကာသတင်း စာမျက်နှာ - ၆

မြန်မာနိုင်ငံအလယ်ပိုင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ

ပြည်တွင်းသတင်း စာမျက်နှာ - ၇

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

အင်တာနက်နည်းပညာသတင်း ဘာသာပြန် - မောင်ဇော်

ကိုင်ဆောင်သူ၏ ကျန်းမာရေးကို စစ်ဆေးနိုင်မည့် စမတ်ဖုန်းများ

ဆိုးလ် ဇန်နဝါရီ ၂၇

အနာဂတ်တွင် ထုတ်လုပ်မည့် ထိတွေ့မျက်နှာပြင်ဟန်းဖုန်း၊ စမတ်ဖုန်း(touch-screen smartphone)များသည် ကိုင်ဆောင်သူတို့၏ ကျန်းမာရေးအခြေအနေများကို စစ်ဆေးပေးနိုင်မည်ဖြစ်ကြောင်း၊ ခေတ်မီ ဓာတ်ခွဲခန်းတွင် ကျန်းမာရေးစစ်ဆေးသကဲ့သို့ စစ်ဆေးပေးနိုင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

ခေတ်မီ ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးသကဲ့သို့ ဇီဝမော်လီကျူး ဓာတုပစ္စည်းများကို ရှာဖွေရန် ထိတွေ့မျက်နှာပြင် စမတ်ဖုန်းများအား အသုံးပြုနိုင်ကြောင်း ကိုရီးယားအဆင့်မြင့် သိပ္ပံနှင့် နည်းပညာတက္ကသိုလ် (KAIST) မှ သုတေသနပညာရှင်များက ပြသခဲ့ကြသည်။ ယင်းသို့ အသုံးပြုနေစဉ် စမတ်ဖုန်း၏ ထိတွေ့မျက်နှာပြင်နှင့် ပီဒီအေများ (PDAs)သည် ပရိုတိန်းများနှင့် ဒီအင်န်အေ(DNA)တို့ကဲ့သို့သော ဇီဝဓာတုဆိုင်ရာ မော်လီကျူးများ၏ အီလက်ထရွန်နစ် စွမ်းရည်ကို

တိုင်းတာနိုင်သည်ဟု ဆိုသည်။ စမတ်ဖုန်း၏ ထိတွေ့မျက်နှာပြင်များက ယင်းအားကိုင်ဆောင်နေစဉ် အသုံးပြုသူ၏ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**

ချောကလက်ကို ပုံမှန်စားသုံးပါက ကိုယ်ခန္ဓာသွယ်လျစေနိုင်သည်ဟုဆို

ဝါရှင်တန် မတ် ၂၇

မည်သူမဆို ချောကလက်ကို ပုံမှန်စားသုံးပါက ကိုယ်ခန္ဓာသွယ်လျကျစ်လျစ်စေနိုင်သည်ဟု သုတေသနပြုချက်သစ်တစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းသုတေသနပြုချက်မှာ အမေရိကန်နိုင်ငံသားဦးရေ ၁၀၀၀ နီးပါး၏ အာဟာရမှီဝဲမှုတွင် ကယ်လိုရီပါဝင်မှုနှင့် ကိုယ်ခန္ဓာ ဝဖြိုးမှုအတိုင်းအတာကို စောင့်ကြည့်လေ့လာရာမှ ရရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ပိုမိုသွယ်လျနိုင်

ပျမ်းမျှအားဖြင့် ချောကလက်ကို တစ်ပတ်အတွင်း အကြိမ်အနည်းငယ်စားသုံးသူတစ်ဦးသည် ချောကလက်ကို အခါအားလျော်စွာသာ စားသုံးလေ့ရှိသူထက် ကိုယ်ခန္ဓာ ပိုမိုသွယ်လျနိုင်သည်ကို တွေ့ရှိရသည်ဟု ဆိုသည်။

ချောကလက်တွင် ကယ်လိုရီအပြည့်အဝပါဝင်သော်လည်း ယင်းတွင် ပါဝင်သော အရာများအနေဖြင့် ကိုယ်ခန္ဓာအလေးချိန်လျော့ကျမှုကို အထောက်အကူပေးနိုင်ပြီး ကိုယ်ခန္ဓာဝဖြိုးစေနိုင်မည့် ဓာတ်ဖွဲ့စည်းဖြစ်ပေါ်မှုထက် ပိုမိုသာလွန်သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ကြသည်။ **အင်တာနက်။**